# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၁)ရက်၊ တနင်္လာနေ့ ၊ (3-7-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၆၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များကို ကဏ္ဍအလိုက်ရင်းနှီးပွင့်လင်းစွာဆွေးနွေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များကို ကဏ္ဍအလိုက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးနေပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ရှိ မင်္ဂလာခန်းမ၌တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များကို ကဏ္ဍအလိုက်ရင်းနှီး ပွင့်လင်းစွာဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် **စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




ရတနာပုံ
၂၀၂၃ ခုနှစ် ဇူလိုင် ၃ ရက်
အယ်ဒီတာ့အာဘော်

# စွမ်းဆောင်ရည်မြင့်မားသော မြန်မာအမျိုးသမီးများ

ဇူလိုင် ၃ ရက်(ယနေ့)သည် မြန်မာအမျိုးသမီးများနေ့ဖြစ်သည်။ ၁၉၉၅ ခုနှစ်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် စတုတ္ထအကြိမ်ညီလာခံမှ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်အောင် အမျိုးသားအဆင့်ဖွဲ့စည်းဆောင်ရွက်နိုင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်အရ ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီကိုဖွဲ့စည်းကာ ထိုကော်မတီဖွဲ့စည်းသော ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ခဲ့သည်။ မြန်မာအမျိုးသမီးများ၏စွမ်းဆောင်ရည်ကို ဂုဏ်ပြုသောအားဖြင့် သတ်မှတ်ထားသောနေ့လည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် မော်ကွန်းတင်ထိုက်သော စွမ်းဆောင်ရည်များနှင့်ပြည့်စုံသည့် မြန်မာအမျိုးသမီးများကို တွေ့နိုင်သည်။ မြန်မာအမျိုးသမီးများသည် မိမိတို့၏ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တစွမ်းရည်များကို အမျိုးသားများနှင့်ယှဉ်တွဲပြသနိုင်ခဲ့သည်။ ပုဂံခေတ်တွင် ထင်ရှားခဲ့သော မိဖုရားဖွားစောသည် မင်းလေးဆက်တိုင်တိုင် ပုဂံအင်ပါယာကြီး မယိမ်းယိုင်မပြိုလဲအောင် အမြော်အမြင်ကြီးမားစွာဖြင့် ကြပ်မတ်ထိန်းသိမ်းနိုင်ခဲ့သည်။ မိဖုရားဖွားစော၏ သီလသမာဓိပြည့်စုံမှု၊ ပံ့ပိုးစွမ်းဆောင်ပေးနိုင်မှုတို့ကြောင့် မင်းအပေါင်းတို့၏ ရိုသေလေးစားမှုကိုခံရသည်။

ပုဂံခေတ်မှသည် ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်တို့တွင်လည်း စွမ်းဆောင်ရည်မြင့်မားသော မြန်မာအမျိုးသမီးများပေါ်ထွန်းခဲ့သည်။ ညောင်ရမ်းခေတ်စာပေလောကတွင် တောင်တွင်းရှင်ငြိမ်းမယ်သည် အိုင်ချင်းကဗျာရေးသားရာ၌ အလွန်ထူးချွန်ခဲ့သူဖြစ်သည်။ ထို့အတူ မယ်ခွေ၊ ခင်ဆုံ၊ မမြလေး၊ လှိုင်ထိပ်ခေါင်တင်တို့သည်လည်း ကမ္ပည်းမော်ကွန်းတင်ခံရသည့် မြန်မာအမျိုးသမီးစာပေပညာရှင်များဖြစ်သည်။

ကိုလိုနီခေတ်တွင်လည်း မြန်မာအမျိုးသမီးများသည် သူ့ကျွန်မခံစိတ်ဓာတ်ဖြင့် မိမိတို့၏စွမ်းရည်ကို ပြသနိုင်ခဲ့သည်။ အမ်အေဒေါ်အုန်း၊ ဒေါ်မြစိန်၊ သခင်မ ဒေါ်သိန်းတင်တို့သည် ကိုလိုနီခေတ်၏ အာဇာနည်များဟုပင် ခေါ်ဆိုထိုက်သူများဖြစ်သည်။ မြန်မာ့သမိုင်းတွင် သူရဘွဲ့ရရှိခဲ့သည့် မြန်မာအမျိုးသမီးမှာ မချစ်ပိုဖြစ်သည်။ ရန်သူကို သတ္တိပြောင်မြောက်စွာ အသက်စွန့်တိုက်ပွဲဝင်ခဲ့သော မချစ်ပိုကို ၁၉၅၀ ပြည့်နှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က သူရဘွဲ့အပ်နှင်းခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံ၏ လူမှုရေးလုပ်ငန်းများတွင်လည်း မြန်မာအမျိုးသမီးများ ပါဝင်ဆောင်ရွက်ခဲ့သည်။ ဒေါ်ဦးဇွန်း ခေါ် ဘွားဦးဇွန်းသည် ယခင်က မြန်မာနိုင်ငံတွင် မရှိသေးသော လူအိုရုံ (ယခုအခေါ် ဘိုးဘွားရိပ်သာ)ကို စတင်တည်ဆောက်ပေးခဲ့သူဖြစ်သည်။ ဘိုးဘွားများကို ပြုစုစောင့်ရှောက်နိုင်ရန် မင်းကွန်း၊ သထုံ၊ ပေါင်းတည်၊ ရန်ကုန်နှင်းဆီကုန်းနှင့် ပခုက္ကူတို့တွင် ဘိုးဘွားရိပ်သာများ ဖွင့်လှစ်ပေးခဲ့သည်။

ထို့ကြောင့် စွမ်းဆောင်ရည်မြင့်မားသော မြန်မာအမျိုးသမီးများကို အမျိုးကိုစောင့်သိသော ဝံသာနုအမျိုးသမီးများအဖြစ်လည်းကောင်း၊ လောကီလောကုတ္တရာစာပေပညာများ တတ်ကျွမ်းသော ပညာရှင်များအဖြစ်လည်းကောင်း၊ သတ္တိနှင့် စွန့်လွှတ်စွန့်စားမှုတွင် မော်ကွန်းတင်ထိုက်သော အာဇာနည်များအဖြစ်လည်းကောင်း၊ အမျိုးဘာသာသာသနာကို ထွန်းလင်းတောက်ပအောင် မြှင့်တင်နိုင်သူများအဖြစ်လည်းကောင်း သမိုင်းတွင် အထင်အရှားတွေ့နိုင်ပေသည်။

သို့ဖြစ်ရာ ခေတ်အဆက်ဆက်က စွမ်းရည်ထက်မြက်ကြသော မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်မှုများကို လေးစားဂုဏ်ယူအားကျအတုယူပြီး မျိုးဆက်သစ်မြန်မာအမျိုးသမီးများအနေဖြင့် ဘဝလုံခြုံမှုနှင့် စွမ်းဆောင်ရည်မြင့်မားရေးကို ဦးတည်ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေး ဈေးကွက်အတွင်း ကလေးဘက်မှဂျုံများ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ပေါက်ဈေးရှိ

**မန္တလေး ဇူလိုင် ၂**

မန္တလေး ဈေးကွက်အတွင်း ကလေးဘက်မှဂျုံများ ဝင်ရောက်လာပြီး ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ကလေးဘက်မှ အရည်အသွေးကောင်းမွန်သည့် ဂျုံများ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာကြောင်း၊ ၎င်းဂျုံများကို မန္တလေးဈေးကွက်အတွင်း ယခင်ကထက် ဝယ်ယူမှုပိုမိုများပြားလာသဖြင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ကလေးဘက်ကနေ အရည်အသွေးကောင်းမွန်တဲ့ ဂျုံတွေ မန္တလေးဈေးကွက်နဲ့ တောင်ကြီးမြို့အပြင် အခြားမြို့တွေကပါ မှာယူမှု မြန်ပြီးများလာတယ်။ ကလေးဘက်ကဂျုံတွေ မှာယူမှု မြန်ပြီးများလာတာကြောင့် ဂျုံအရောင်းအဝယ် မြန်ကောင်းလာပြီး ဈေးကောင်းပါရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဇွန်လ တတိယပတ်က ကလေးဘက်မှဂျုံများ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ သာ ပေါက်ဈေးရှိကြောင်း၊ ယခုအခါ ကလေးဘက်မှဂျုံများကို ဝယ်ယူမှုများလာခြင်းကြောင့် ဇွန် ၃၀ ရက်တွင် ဂျုံပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

# ပထမဝါဆိုလပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



**မန္တလေး ဇူလိုင် ၂**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားဖြစ်သော မဟာမုနိရုပ်ရှင်တော်၌ ပထမဝါဆိုလပြည့်နေ့ (ယနေ့)တွင် နယ်စုံဒေသမှ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

ယနေ့သည် ပထမဝါဆိုလပြည့်နေ့၊ ဥပုသ်နေ့၊ တနင်္ဂနွေနေ့ ရုံးပိတ်ရက်ဖြစ်သောကြောင့် မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက် ဖူးမြော်ကြကြောင်း၊ လာရောက်ဖူးမြော်ကြရာတွင်လည်း မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်ကြပြီး ယခင်ရက်များထက် ဘုရားဖူးဦးရေတိုးကာ စည်ကားလျက်ရှိကြောင်း သိရသည်။

"ဒီနေ့ဟာ ပထမဝါဆိုလပြည့်နေ့ ဥပုသ်နေ့ဖြစ်တာကြောင့် နယ်စုံဒေသက ဘုရားဖူးတွေနဲ့ စည်ကားနေပါတယ်။ လာရောက်ဖူးမြော်ကြတဲ့ ဘုရားဖူးတွေဟာ အေးချမ်းစွာ အနားယူအပန်းဖြေကြပြီးမှ သမိုင်းပန်းချီပြတိုက်၊ ကြေးစည်တော်ကြီးပြတိုက်၊ ကြေးရုပ်ပြတိုက်နဲ့ ကြေးမောင်းကြီးနေရာတွေကို သွားရောက်လေ့လာကြပါတယ်။ လပြည့်နေ့ ဥပုသ်နေ့ဖြစ်တာကြောင့်လဲ ဥပုသ်သီလစောင့်သူတွေ၊ ဓမ္မစကြာ၊ ပဋ္ဌာန်းရွတ်ဖတ်သူတွေနဲ့ တရားထိုင်သူတွေလဲရှိကြပါတယ်။ ငါးကန်၊ လိပ်ကန်တွေကို သွားရောက်ပြီး ငါးစာ၊ လိပ်စာကျွေးသူတွေနဲ့လဲ စည်ကားနေပါတယ်"ဟု ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်ကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၂၈၁၉၈၀ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

အလားတူ မန္တလေးမြို့ရှိ အထင်ကရ နေရာများဖြစ်သည့် မန္တလေးတောင်တော်၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ဝေရောစနကျောက်စိမ်းစေတီတော်တို့၌လည်း နံနက်အစောပိုင်းမှစ၍ ဘုရားဖူးများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်၌ ပတ္တမြားငမောက်သရက်သီးများ တစ်လုံးလျှင် ငွေကျပ် ၈၀၀ ဖြင့် ဈေးကောင်းရရှိနေ

**မန္တလေး ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီးအတွင်းမှ ယခုစတင်ထွက်ရှိလာသည့် ပတ္တမြားငမောက်သရက်သီးများ မန္တလေးဈေးကွက်၌ တစ်လုံးလျှင် ငွေကျပ် ၈၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

ပတ္တမြားငမောက်သရက်သီးများသည် ယခုစတင်ထွက်ရှိလာပြီး ဈေးကွက်အတွင်းသို့ ဝင်လာပြီဖြစ်ကြောင်း၊ ၎င်းသရက်သီးများသည် လှိုင်လှိုင်ထွက်ရှိမှု မရှိသေးဘဲ အနည်းငယ်သာ ထွက်ရှိသေးကြောင်း၊ ယခုစတင်ထွက်ရှိလာပြီး ဈေးကွက်အတွင်း ဝင်ရောက်လာချိန်တွင် တစ်လုံးလျှင် ငွေကျပ် ၈၀၀ ရရှိကာ ဈေးကောင်းဖြင့် ရောင်းချနေရကြောင်း သိရသည်။

"ဈေးကွက်မှာ ပတ္တမြားငမောက်သရက်သီးက တစ်လုံးကို ငွေကျပ် ၈၀၀ ထိရကြပါတယ်။ ပတ္တမြားငမောက်သရက်သီးတွေက ပေါပေါများများတော့ မထွက်သေးပါဘူး။ အခုမှ စတင်ထွက်ရှိလာပြီး ဈေးကွက်ထဲ ဝင်ရောက်လာတာပါ။ ကျန်တဲ့ သရက်သီးတွေကတော့ ရာသီကုန်ချိန် ရောက်ရှိနေပါပြီ။ ပတ္တမြားငမောက်သရက်သီးတွေကတော့ စတင်ထွက်ရှိလာချိန်မှာပဲ ဈေးကွက်မှာ ဈေးကောင်းရရှိနေပါတယ်။ တရုတ်နိုင်ငံ ဈေးကွက်က အေးနေသေးတော့ မပို့သေးပါဘူး။ ပြည်တွင်းဈေးကွက်ကိုပဲ ရောင်းချနေပါသေးတယ်။ ပြည်တွင်းဈေးကွက်မှာတော့ အလုံးအရွယ်အစားပေါ် မူတည်ပြီး ရောင်းချကြပါတယ်။ အလုံးသန့်ရင် သန့်သလို ဈေးကောင်းရပါတယ်"ဟု အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သရက်စိုက်ဧကပေါင်း ၃၅၀၀၀ ရှိပြီး စိန်တလုံးသရက်သီး၊ ရင်ကွဲသီး၊ ရွှေဟင်္သာ၊ မချစ်စု၊ မယ်သီ၊ ပတ္တမြားငမောက် သရက်သီးများကို အဓိကထား စိုက်ပျိုးကြကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး)မှ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြိတ်မြို့နယ် ကျွဲကူးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**မြိတ် ဇူလိုင် ၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွဲကူးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်ဒေး၊ မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသင်းဦး၊ မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ကျွဲကူးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ Box Culvert တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် ပြောကြားသည်။

မြိတ်မြို့နယ် ကျွဲကူးကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၂၈ ဒသမ ၁ သန်းအသုံးပြု၍ အရှည်တစ်မိုင်ရှိ ကျေးလက်ကုန်ထုတ်လမ်းပေါ်၌ အကျယ် ၁၈ ပေ၊ အမြင့် လေးပေရှိ ကျေးလက်ကုန်ထုတ်လမ်း မြေသားတင်ခြင်းလုပ်ငန်း၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း၊ အရှည်ပေ ၄၀၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်ပေရှိ သံကူကွန်ကရစ်တံတား တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း၊ အရှည်ပေ ၂၀၊ အကျယ် လေးပေ ကိုးလက်မ၊ အမြင့် လေးပေကိုးလက်မရှိ Box Culvert ခြောက်စင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ဇွန် ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညီ**

# နမ့်ခမ်းမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဆင်း

**နမ့်ခမ်း ဇူလိုင် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် မိသားစုဝင်ငွေ တိုးပွားစေရန်ရည်ရွယ်၍ ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဇူလိုင် ၁ ရက်နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပေးသော အတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးချစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုးနှင့် တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုများ ပေးအပ်ကြသည်။

အဆိုပါသင်တန်းကို နမ့်ခမ်းမြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက အခြေခံစက်ချုပ်နည်းများကို ဇွန် ၁ ရက်မှ ဇူလိုင် ၁ ရက်ထိ တစ်လကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ကျော်ခိုင်**

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ငရုတ်ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံလျာထားဧက ၃၇၅၀၀ ကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ငရုတ်ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ စားဖိုဆောင်သီးနှံငရုတ်လျာထားဧက ၃၇၅၀၀ ကို ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးလျက်ရှိပါတယ်။ လက်ရှိမှာတော့ ငရုတ်ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ မိုးသီးနှံစိုက်ပျိုးရာသီမှာတော့ စားဖိုဆောင်သီးနှံအနေနဲ့ ငရုတ်တစ်မျိုးတည်းကိုပဲ စိုက်ပျိုးသွားမှာပါ။ ကျန်တဲ့သီးနှံတွေ စိုက်ပျိုးတာမပါသေးဘူး။ စားဖိုဆောင်သီးနှံတွေ စိုက်ပျိုးတဲ့အတွက် မိသားစုဝင်ငွေတိုးပွားလာမဲ့အပြင် အခြားဒေသကနေလဲ သီးနှံတွေ တင်သွင်းရောင်းချစရာမလိုတော့မှာဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ ငရုတ်သီးနှံတွေကလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့တွေနဲ့ အခြားကူညီပံ့ပိုးမှုတွေကို ဆောင်ရွက်ပေးပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် စားဖိုဆောင်သီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရန်၊ စီးပွားမျိုးများစိုက်ပျိုးရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၁၈၅)

# တောင်သာမြို့နယ် သာယာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်သာ ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာယာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇူလိုင် ၁ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းလင်းနွယ်နှင့် တာဝန်ရှိသူများက သာယာအေးကျေးရွာ၌ စီမံကိန်းစာရင်းဇယားများ ဖြည့်သွင်းထားရှိမှုအခြေအနေများနှင့် စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သာယာအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၅၅ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၅ ဦးကို ငွေကျပ်သိန်း ၃၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းဦးကို**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လတွင် ငါးရှဉ့်ပိဿာချိန် ၁၃၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့

**မအူပင် ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လတွင် ငါးရှဉ့်ပိဿာချိန် ၁၃၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလက ငါးရှဉ့်ပိဿာချိန် ၇၅၅၀၀ ထိသာတင်ပို့ရောင်းချခဲ့ရပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ငါးရှဉ့်ပိဿာချိန် ၁၃၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါငါးရှဉ့်များ တင်ပို့ရောင်းချမှု ကောင်းလာခြင်းသည် ပြည်တွင်းမှ ငါးရှဉ့်များကို ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့သည့်အတွက် ရန်ကုန်မြို့က ငါးရှဉ့်များ ဝယ်ယူမှု ကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ဇွန်လ ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ သိသိသာသာကို ဝယ်ယူမှု ကောင်းလာတယ်။ အရင်က အကြောင်းအမျိုးမျိုးကြောင့် ယာယီရပ်ထားခဲ့တဲ့ ပြည်ပငါးရှဉ့်တင်ပို့တဲ့လုပ်ငန်းတွေ ပြန်လည် လည်ပတ်လုပ်ကိုင်လာတာနဲ့ ပြည်ပက ငါးရှဉ့်ဝယ်ယူမှု ကောင်းလာတာကြောင့် ငါးရှဉ့်အရောင်းအဝယ်ကောင်းလာတာပါ။ မအူပင်မြို့နယ်က ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်"ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြသည်။

မအူပင်မြို့နယ်တွင် ငါးရှဉ့်မွေးမြူရေးလုပ်ငန်းကို တစ်နှစ်ပတ်လည်လုံး မွေးမြူလုပ်ကိုင်ကြကြောင်း၊ အဆိုပါဒေသထွက် ငါးရှဉ့်များကို ပြည်တွင်းရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# မာယာလောက

**ချစ်နိုင်(စိတ်ပညာ)**

စာရေးသူရဲ့စာတွေကို ဖတ်နေကြတဲ့ စာဖတ်ပရိသတ်ထဲမှာ ရင်းနှီးပြီးသားပရိသတ်၊ သာမန်သိတဲ့ပရိသတ်နဲ့ အခုမှ စတင်တွေ့ရှိရတဲ့ပရိသတ်လို့ သုံးမျိုးသုံးစားရှိပါတယ်။ ရင်းနှီးပြီးသားပရိသတ်တွေထဲက သူတို့အမြင်၊ သူတို့သဘောထားကို အခါအားလျော်စွာ ထုတ်ဖော်ဝေဖန်တာတွေလည်း ရှိခဲ့ပါတယ်။ ဘယ်ဆောင်းပါးကတော့ ဘာလေးလိုနေတယ်။ ဘယ်ဆောင်းပါးကိုတော့ ဘာတွေကြိုက်တယ်။ ဘယ်လိုအကြောင်းအရာတွေရေးပါဦး စသဖြင့် သုံးသပ်အကြံပေးကြလို့ ကျေးဇူးတင်ရပါတယ်။

စာဖတ်ပရိသတ်တချို့က "တက်ကျမ်းဆန်တဲ့ဆောင်းပါးမျိုးတွေ ရေးမနေပါနဲ့။ ကျုပ်ကတော့ အဲဒါမျိုးတွေဖတ်ချင်တာမဟုတ်ဘူး"လို့ ပွင့်ပွင့်လင်းလင်းပြောတဲ့ စာဖတ်ပရိသတ်လည်းရှိတယ်။ "ဆရာရေးဆရာရေးပြတဲ့အချက်တွေက စာတွေအများကြီး ဖတ်စရာမလိုဘဲ တိုတိုရှင်းရှင်းနဲ့ သိချင်ခဲ့တဲ့ လိုရင်းကျကျဗဟုသုတလေးတွေရလို့ ကြိုက်ပါတယ်"။ အဲဒီလိုအားတက်စရာ၊ အတုယူမှတ်သားစရာကို များများရေးပါလို့ဆိုကြပါတယ်။ သဘောထားအမျိုးမျိုးပေါ့လေ။

တကယ်တော့ စာရေးသူကိုယ်တိုင်ကလည်း ဘဝဆိုတဲ့ တက္ကသိုလ်ကျောင်းတော်ကြီးမှာ သင်ယူမှတ်သားလို့ပဲမဆုံးနိုင်တဲ့ စာသင်သားတစ်ယောက်ပဲမဟုတ်လား။ ရှာဖွေလေ့လာဆည်းပူးနေဆဲပါ။ ဒီတော့ ဖတ်ရမှတ်ရတာတွေထဲက ကိုယ်ကြိုက်တဲ့အကြောင်းအရာအချက်အလက်လေးတွေဆိုရင် မှတ်စုတို့ထားပြီး သတိရတဲ့အခါ ပြန်ဖတ်လိုက် ဆက်စဉ်းစားလိုက်။ ရေးစရာရေးကွက်ပေါ်လာရင် ချရေးလိုက်ပေါ့။ မိမိသိရှိခံစားရတာတွေ မျှဝေချင်တဲ့စေတနာနဲ့ပါ။

စာဖတ်သူတွေ အရသာရှိရှိ ခံတွင်းတွေ့တာလည်းပါမယ်။ ခံတွင်းမလိုက်၊ မကြိုက်တာလည်းရှိချင်ရှိပါမယ်။ ကောင်းနိုးရာရာကိုတော့ အကောင်းဆုံးဖြစ်အောင် ပြုစုရေးသားပါတယ်။ စာဖတ်ပရိသတ်ကို နှစ်သက်ပါစေ၊ ဖတ်ရတာပျော်ရွှင်ပါစေ၊ ခံစားရတာ အရသာတွေ့ပြီး ဆက်ပြီးဖတ်ရှုအားပေးနိုင်ပါစေလို့ ကြိုးစားအားထုတ်ရပါတယ်။

ခံစားအားပေးသူနဲ့ ဖန်တီးထုတ်လုပ်သူဆိုတာ အညမည (အင်ညာ့မင်ညာ့လို့ဖတ်ကြရပါတယ်)၊ သဟဇာတ အပြန်အလှန်ကောင်းစွာအကျိုးပြုနေကြတာပဲ။ လေးစားရတယ်၊ ချစ်ခင်ရတယ်။ ကောင်းကျိုးလိုလားတဲ့ စေတနာထက်သန်ရပါမယ်။ ဒါဟာ စာရေးသူဘက်က ဝတ္တရားပါပဲ။ တက်ကျမ်းလို ဘဝတက်လမ်းနည်းပေးလမ်းပြစာတွေ မဖတ်ချင်ပါဘူးဆိုသူတွေက သူတို့အသက် ၆၀၊ ၇၀ ကျော်သွားခဲ့ကြပြီမို့ မလိုအပ်တော့ဘူးထင်လို့ ပြောကြတာမို့ နားလည်စာနာပါတယ်။ မကြိုက်ရင် မဖတ်ဘဲနေပေါ့။ လူငယ်လူရွယ် အသက် ၂၀ မှ ၄၀ ဝန်းကျင်ပုဂ္ဂိုလ်တွေကိုတော့ စွမ်းအားစွမ်းရည်မြင့်မားကြစေချင်တယ်။ အရွယ်ကောင်းတုန်းမှာ အချိန်မဖြုန်းဘဲ နိုင်ငံနဲ့လူမျိုးရဲ့ ကောင်းကျိုးကို ထူးထူးခြားခြား၊ ဆန်းဆန်းကြယ်ကြယ်၊ ထိထိရောက်ရောက် အကျိုးပြုနိုင်ကြစေချင်တယ်။

ဒီတော့ စာရေးသူဖတ်ရှုလေ့လာနေတဲ့ စာအုပ်တွေထဲက ကောင်းနိုးရာရာဆိုရင် ကောက်နုတ်ပြီး ပြန်လည်တင်ပြဖြစ်ခဲ့တယ်။ နှစ်သက်အားပေးခဲ့ကြတဲ့ ပရိသတ်ပဲ့တင်သံတွေလည်းရှိနေတော့ အခြေအနေပေးပါက ဆက်ပြီးရေးပါရစေဦး။

ကျွန်တော်တို့စာရေးသူအပါအဝင် ဖန်တီးခြင်းအမျိုးမျိုးကို စုပေါင်းပြီး အနုပညာလို့ခေါ်ဆိုကြတယ်နော်။ အနုပညာမှာ ဘာတွေပါဝင်သလဲ။

ရှေးအစဉ်အလာကတော့ ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့ အစရှိတဲ့ ပန်းဆယ်မျိုးဟာ အနုပညာဖြစ်တယ်ဆိုကြရပေမှာပေါ့။

နိုင်ငံတကာက တချို့သောအဓိပ္ပာယ်ဖွင့်ဆိုချက်အဆိုအမိန့်တွေကတော့ အနုပညာခုနစ်မျိုးဆိုပြီး သတ်မှတ်ဖော်ပြနေကြတာလည်းရှိတယ်။ လေ့လာတွေ့ရှိရတာပြောတာနော်။ လိုသလား၊ ပိုသလား။ စာဖတ်သူလည်း စဉ်းစားဆွေးနွေးနိုင်အောင် တွေးခေါ်စဉ်းစားပါ။

၁။ ဇာတ်သဘင် Drama
၂။ ဂီတ Music
၃။ ဝတ္ထု Novel(Story)
၄။ ပန်းချီ Painting
၅။ ကဗျာ Poetry
၆။ ပန်းပု Sculpture နဲ့
၇။ ရုပ်ရှင် Film (Movie) တဲ့။

❖ မာယာဆိုတာ လှည့်ဖြားခြင်း၊ လှည့်စားခြင်း။ မာယာသဘောအနုပညာထဲမှာ နည်းပရိယာယ်၊ အလင်္ကာအရိပ်အယောင်ပြခြင်း အတတ်ပညာတွေ တွေ့ရတတ်ပါတယ်။ အနုပညာဟာ သိမ်မွေ့ပါတယ်။ မာယာများတယ်။ အာရုံမှားသိခြင်း **(Illusion)** ကို မာယာလို့ တချို့က ခေါ်ကြတယ်။ မာယာဆိုတာ လှည့်စားခြင်းဟုတ်သလို ပရိယာယ်တစ်မျိုးလည်းမှန်တယ်။ ရှေးရှေးကာလ မင်းညီမင်းသားတွေ သင်ကြားတတ်မြောက်အပ်တဲ့ အတတ်ပညာ ၁၈ ရပ်မှာ နံပါတ် (၁၄) မာယာ-လှည့်ပတ်လှည့်စားခြင်းအတတ်ဆိုတာလည်းပါတယ်နော်။ ❖

ဒါကို လက်ခံအတည်ပြုပြီး ရုပ်ရှင်ဆိုတာကို သတ္တမမြောက်အနုပညာလို့ ပြောဆိုသုံးနှုန်းလေ့ရှိပါတယ်။ ရှေးကအနုပညာတွေဟာ ၁၉ ရာစုနဲ့ သူ့ရဲ့ရှေ့ကာလသမိုင်းထဲမှာ ရှိခဲ့ကြတာလေ။ ရုပ်ရှင်ဆိုတာကတော့ ၁၉၂၀ ပြည့်နှစ်၊ ၂၀ ရာစုထဲမှာမှ ပေါ်ပေါက်ခဲ့တဲ့ နောက်ဆုံးသောအနုပညာ။ ရုပ်ရှင်အနုပညာဆိုတာ အပိုင်းသုံးပိုင်းပါဝင်ဖွဲ့စည်းထားတဲ့ ခေတ်ပေါ်အနုပညာပါတဲ့။

ရုပ်ရှင်အနုပညာထဲမှာ ဘာတွေပါဝင်ဖွဲ့စည်းထားသလဲ။

(က) အနုပညာသဘော Art
(ခ) ဇာတ်လမ်းပြောခြင်း Story Telling
(ဂ) ရုပ်ပုံများ Picture

ရုပ်ရှင်မှာ အနုပညာရော အတတ်ပညာပါ ပေါင်းစုဖွဲ့စည်းထားပါတယ်။ အားလုံးသိကြတဲ့အတိုင်းပါပဲ။

ရုပ်ရှင်ပြသခြင်းကို ဖန်တီးထုတ်လုပ်ဖို့ အဆင့်ဆင့်လုပ်ဆောင်ချက်တွေ၊ အတတ်ပညာရပ်တွေလိုအပ်ပါတယ်။ ဒါတွေအားလုံးဟာ ရုပ်ပုံ (Picture) တွေကို ဆက်စပ်ပြသပြီး နိမိတ်ပုံ(Image) ဖြစ်လာအောင် ဖန်တီးဖွဲ့စည်းတဲ့အတတ်ဟာ ရုပ်ရှင်အနုပညာပါ။ မတူညီတဲ့ပညာရပ်ခုနစ်မျိုး ပါဝင်ကြတယ်လို့ဆိုပါတယ်။

(၁) အထားအသို Composition
(၂) အရောင်အနုအရင့် Colour Tone
(၃) အဖြတ်အတောက် Cropping
(၄) အပြတ်အသား၊ အကြည်အဝါး Focus
(၅) အလင်းအမှောင် Lighting
(၆) အကြီးအသေး၊ အနီးအဝေး Size
(၇) အသံနဲ့ဂီတ Sound and Music

အထက်ကဖော်ပြခဲ့တဲ့ အနုပညာဆိုင်ရာ အသိပညာတွေ၊ အတတ်ပညာတွေဟာ စာရေးသူက စာပေလေ့လာသူ၊ အနုပညာကိုမြတ်နိုးသူ သာမန်ပရိသတ်တစ်ဦးအနေနဲ့သာ စာဖတ်သူနဲ့အတူရပ်တည်ပြီး ဆွေးနွေးမျှဝေနေတာနော်။ အမေရိကန်ဟောလိဝုဒ်ရုပ်ရှင်အတတ်ပညာတက္ကသိုလ်ကောလိပ်ရဲ့ သင်ရိုးဇယားကို မကြားဖူးပါ။ ပြင်သစ်နိုင်ငံမှ ပဲရစ်နဲ့ ဆော်ဘွန်းတက္ကသိုလ်တွေက အနုပညာသင်ရိုးမှာ ဘယ်လိုရေးကြသင်ကြသလဲမသိပါ။ ရန်ကုန်နဲ့မန္တလေးမှာရှိကြတဲ့ ယဉ်ကျေးမှုအနုပညာတက္ကသိုလ်ကြီးတွေမှာ ဘာတွေသင်ကြားပြသနေကြသလဲ မလေ့လာဖူးပါ။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ လောက်က တောင်ကိုရီးယားမှာ ရုပ်ရှင်ဆိုင်ရာအနုပညာတက္ကသိုလ်ကို စတင်ဖွင့်လှစ်လိုက်ပြီဆိုတဲ့သတင်းတစ်ပုဒ် ဖတ်လိုက်ရချိန်မှာ မိမိဟာ ပင်တိုင်ရေးနေတဲ့ ရှုမဝ၊ ကြီးပွားရေး လမ်းညွှန်၊ ရုပ်ရှင်အောင်လံ၊ အတွေးအမြင်နဲ့ အပျိုမစတဲ့မဂ္ဂဇင်းတွေမှာ မြန်မာနိုင်ငံမှာလည်း "အမျိုးသားယဉ်ကျေးမှုအနုပညာတက္ကသိုလ်ကြီးတွေ" ဖွင့်လှစ်သင်ကြားလေ့ကျင့်သွားပါမှ အမျိုးသားယဉ်ကျေးမှုကို ဘက်ပေါင်းစုံက ပညာပါပါ ပြင်းပြင်းထန်ထန် ထိုးနှက်ချေမှုန်းနေတဲ့ ယဉ်ကျေးမှုစစ်မျက်နှာမှာ မပြိုမလဲဘဲ ရှင်သန်နိုင်ပါလိမ့်မယ်ဆိုတာ ထက်ထက်သန်သန်ရေးသားတင်ပြခဲ့ပါတယ်။

မြန်မာ့ဇာတ်သဘင်နဲ့ ရုပ်ရှင်တို့ရဲ့အနုပညာပကတိအခြေအနေကတော့ အခုလို နှစ်ပေါင်း ၃၀ လောက်ကြာတဲ့အခါ အားလုံးသိကြမြင်ကြတဲ့အတိုင်းပါပဲ။ ကိုရီးယားနိုင်ငံကတော့ သူ့နိုင်ငံက ယဉ်ကျေးမှုအနုပညာတက္ကသိုလ်က ဆင်းလာကြတဲ့ အနုပညာရှင်တွေရဲ့ နှပျိုတက်ကြွမှု၊ ထက်သန်အားစိုက်မှု၊ အမေရိကန်ဟောလိဝုဒ်က ကူညီအားပေးခဲ့မှုတွေကြောင့် အာရှတစ်ခွင် ဟောင်ကောင်ရုပ်ရှင်၊ အိန္ဒိယဘောလိဝုဒ်ရုပ်ရှင်တွေရဲ့ လွှမ်းမိုးမှု၊ ဂျပန်ရုပ်ရှင်ကားတွေရဲ့ တွင်ကျယ်မှုတွေကို ထိုးဖောက်ဖြတ်ကျော်ပြီး အာရှနိုင်ငံပေါင်းများစွာကို လွှမ်းမိုးဦးဆောင်စိုးမိုးသွားခဲ့ပါတော့တယ်။

ကိုရီးယားရာဇဝင်ကားထဲက မျိုးချစ်စစ်သူကြီး လီဆူရှင်း၊ နန်းတွင်းသမားတော် ဘုရင့်မိဖုရား ချန်ဂင်စတဲ့ သူတို့ဇာတ်ကောင်တွေကတစ်ဆင့် ကိုရီးယားလူမျိုး၊ ကိုရီးယားရဲ့ရာဇဝင်ကို နိုင်ငံတကာအသိအမှတ်ပြုလာအောင် ရုပ်ရှင်အနုပညာနဲ့ ဖော်ပြမြှင့်တင်နိုင်ခဲ့ပါပြီ။

တကယ်တော့ ကိုရီးယားဟာ ရာဇဝင်တစ်လျှောက်လုံး တရုတ်က နှိပ်စက်လိုက်၊ ဂျပန်က ဖိနှိပ်လိုက်။ ကိုရီးယားလူမျိုးတွေရဲ့ သမိုင်းတစ်လျှောက်လုံး ဆင်းရဲဒုက္ခအနှိမ်ခံဘဝနဲ့သာ ရှည်ကြာခဲ့ကြရတဲ့လူမျိုးပါ။ ဒါပေမဲ့ ရုပ်ရှင်အနုပညာနဲ့ အာရှကို ကျယ်ကျယ်ပြန့်ပြန့်လွှမ်းမိုးနိုင်ခဲ့လေတော့ ကိုရီးယားဟာ အာရှတစ်ခွင် လူရာဝင်ခဲ့ပြီ။ ရုပ်ရှင်အနုပညာတက္ကသိုလ်ရဲ့ မွေးမြူပျိုးထောင်မှု ထိရောက်ခြင်းဟာ ဟောင်ကောင်နဲ့ အိန္ဒိယ၊ ဂျပန်ရုပ်ရှင်တွေကိုတောင် အလဲထိုးချပြီး အနိုင်ယူသွားနိုင်တယ်လေ။ ဈေးကွက်ကျယ်ပြန့်ကြီးစိုးနိုင်တာ လက်တွေ့အခြေအနေပါ။

တကယ်တော့ ရုပ်ရှင် (သတ္တမအနုပညာ) အပါအဝင် အနုပညာအားလုံးဟာ နုရာမှာသာမက စီးပွားရေး၊ နိုင်ငံရေး၊ ဝါဒရေး၊ စစ်ရေးယှဉ်ပြိုင်မှုတွေအားလုံးမှာ အလွန်တရာထိရောက်တဲ့လက်နက်တွေပဲဆိုရင်လည်း မမှားပါဘူး။

အားကစားစွမ်းရည်၊ အနုပညာစွမ်းအားဆိုတာက နိုင်ငံနဲ့ လူမျိုးရဲ့အဆင့်အတန်းနဲ့ ဂုဏ်ကို မြှင့်တင်နိုင်တဲ့အရာတွေပဲမဟုတ်လား။ အနုပညာဆိုတာ တကယ်တော့ သွယ်ဝိုက်တဲ့နည်းလမ်းနဲ့ ဆွဲဆောင်နိုင်စွမ်းရှိတဲ့မှော်ပညာ။ အနုပညာက ထင်ယောင်မြင်ယောင်၊ ယုံမှတ်အောင် လှည့်စားနိုင်စွမ်းရှိပါတယ်။ အပြောနဲ့ဖြစ်ဖြစ်၊ အလုပ်နဲ့ဖြစ်ဖြစ် လှည့်ပတ်မှုကို မာယာလို့ခေါ်ပါတယ်။

မာယာဆိုတာ လှည့်ဖြားခြင်း၊ လှည့်စားခြင်း။ မာယာသဘောအနုပညာထဲမှာ နည်းပရိယာယ်၊ အလင်္ကာအရိပ်အယောင်ပြခြင်း အတတ်ပညာတွေ တွေ့ရတတ်ပါတယ်။ အနုပညာဟာ သိမ်မွေ့ပါတယ်။ မာယာများတယ်။

အာရုံမှားသိခြင်း (Illusion) ကို မာယာလို့ တချို့က ခေါ်ကြတယ်။ မာယာဆိုတာ လှည့်စားခြင်းဟုတ်သလို ပရိယာယ်တစ်မျိုးလည်းမှန်တယ်။ ရှေးရှေးကာလ မင်းညီမင်းသားတွေ သင်ကြားတတ်မြောက်အပ်တဲ့ အတတ်ပညာ ၁၈ ရပ်မှာ နံပါတ် (၁၄) မာယာ-လှည့်ပတ်လှည့်စားခြင်းအတတ်ဆိုတာလည်းပါတယ်နော်။

စိတ်ပညာဝေါဟာရထဲမှာတော့ အထင်လွဲမှားခြင်း (Delusion)၊ ယုံမှားလွန်ခြင်း (Paranoid)၊ လှုံ့ဆော်မဲ့အာရုံမှားသိခြင်း (Hallucination) ဆိုတာတွေလည်း ခပ်ဆင်ဆင်သဘောရှိကြပေမယ့် ကွဲပြားခြားနားတဲ့ စိတ်ခံစားမှုလက္ခဏာတွေပါ။

ဆေးခါးကြီးကို သကြားအုပ်ပြီးတိုက်ရတယ် (Sugar Coated) ဆိုတာဟာလည်း စေတနာပါတဲ့မာယာသဘောပါပဲ။ မာယာထဲမှာ စေတနာပါရင်ကောင်းပါရဲ့။ မကောင်းတဲ့အဆိပ်အမျိုးမျိုးကို မာယာနဲ့ ထိုးသွင်းခြင်းခံရတာမျိုးဆိုရင်တော့ အန္တရာယ်များလှပါတယ်။

## ဘားအံမြို့နယ် မလရားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းပြုလုပ်

**ဘားအံ ဇူလိုင် ၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် အုန်းတပင်ကျေးရွာအုပ်စု မလရားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ရွာလယ်မွှာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်နှင့်ဝန်ထမ်းများက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ခဲ့သည်။

မလရားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ကျေးရွာတွင် အမှန်တကယ်နေထိုင်ပြီး တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးမည်ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

**ကိုသက်**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်း လိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့တွင် မိုးမြေပဲ ၄၂၈၃ ဧက စိုက်ပျိုးပြီးစီး

**ရွှေဘို ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ၄၂၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့တွင် မိုးမြေပဲ ဧက ၁၂၈၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ဇူလိုင် ၁ ရက်ထိ ၄၂၈၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့မှာ မိုးမြေပဲ ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ အခု မိုးမြေပဲ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ မိုးမြေပဲစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ် မိုးမြေပဲဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ"ဟု မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ယခုနှစ်တွင် ကျောက်မြောင်းမြို့၌ မိုးမြေပဲစိုက်ပျိုးမည့်တောင်သူများအနေဖြင့် မိုးမြေပဲအောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြေပဲတစ်ဧကလျှင် ပန်းတိုင်အထွက်နှုန်းတင်း ၇၀ ထွက်ရှိနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များ အသုံးပြုခြင်း၊ မြေဩဇာကို အချိန်ကိုက်အသုံးပြုခြင်း စသည့် ဆောင်ရွက်ရမည့်နည်းလမ်းများကို တောင်သူများ စနစ်တကျလိုက်နာဆောင်ရွက်နိုင်စေရန် လက်တွေ့ကွင်းသရုပ်ပြဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့တွင် မိုးမြေပဲ ၁၂၈၆၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

(၂၀၆)



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

# မိတ္ထီလာမြို့နယ် သဖန်းပင်ရိုးကျေးရွာ၌ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိတ္ထီလာ ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိစေရန်ရည်ရွယ်၍ သဖန်းပင်ရိုးကျေးရွာ၌ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသန်း၊ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ သဖန်းပင်ရိုးကျေးရွာ၌ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသန်းက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မိတ္ထီလာမြို့နယ် သဖန်းပင်ရိုးကျေးရွာ၌ အလျားပေ ၂၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၂ ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ရေ ၁၀၀၀ လီတာသန့်စင်ပေးနိုင်သော ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် Bihope World ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် သဖန်းပင်ရိုးကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေး သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမင်းလွင်က ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

## အစဉ်အလာတည်စေ့ မြန်မာအမျိုးသမီးများနေ့

- လဇူလိုင် သုံးရက်တွေ့
  အမျိုးသမီးနေ့ ပြည်မြန်မာ၊
  ရည်ရွယ်ကာ ဂုဏ်ပြုကြောင်း
  ကောင်းတဲ့ချိန်ခါ၊
  ယနေ့ခေတ် သူတို့မှာ
  အိမ်ထောင့်တာ တစ်ဖက်တစ်လမ်း၊
  မောင်တစ်ထမ်း မယ်တစ်ရွက်နဲ့
  ကူဖက်ကာစဉ်သယ်ပိုးတယ်
  တိုးတက်ကာလန်း။

- အားနွဲ့ရာ မိန်းမသား
  ကာကွယ်ထားဖို့လိုအပ်သည်၊
  မျိုးဂုဏ်တည်မှုအကျင့်
  မြှင့်တင်ဖို့ရည်၊
  လက်တွဲလို့ကူညီမည်
  ရခဲ့ပြီအခွင့်အရေး၊
  နွေးထွေးစွာပေးအပ်ကြောင်းရယ်
  ကောင်းလှတယ်လေး။

- ယောကျာ်းပမာ ရင်ပေါင်တန်း
  ရည်ရာမှန်းလို့ ပန်းတိုင်ထူ၊
  သူလိုလူ အမျိုးသမီး
  နည်းအတုယူ၊
  စိတ်ထားက ဖြူစင်သူ
  ဟန်ပန်မူ နွဲ့နွဲ့နှောင်း၊
  သစ်လောင်းကာဂုဏ်ဖြိပ်ရယ်
  ထင်ဟပ်နေကြောင်း။

- အမျိုးသမီးငယ် ပညာရေး
  မြှင့်တင်ပေးလို့ ဆောင်ရွက်တာ၊
  ကျန်းမာကာ လာဘ်စီးပွား
  များစေဖို့ရာ၊
  ယဉ်ကျေးမှု ထုံးတမ်းလာ
  မျိုးမြန်မာ စဉ်လာကောင်း၊
  နှစ်ပေါင်းကြာ ရှုမငြီးလို့
  အမျိုးသမီးမှာ ထိန်းသိမ်းကြတယ်
  သိကြစေကြောင်း။ ။

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ပြင်သစ်နိုင်ငံအတွင်း ဆန္ဒပြပွဲများကြောင့် သမ္မတမက်ခရွန် ဂျာမနီခရီးစဉ် ဖျက်သိမ်း

**ပဲရစ် ဇူလိုင် ၂**

ပြင်သစ်နိုင်ငံတစ်ဝန်း ဖြစ်ပွားနေသော ဆန္ဒပြပွဲများနှင့် အဓိကရုဏ်းများကြောင့် ပြင်သစ်သမ္မတ မက်ခရွန်သည် ဂျာမနီခရီးစဉ်ကို ဖျက်သိမ်းခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဇူလိုင် ၁ ရက်တွင် ဖော်ပြခဲ့သည်။

မူလက ပြင်သစ်သမ္မတ မက်ခရွန်သည် တရားဝင်ဂျာမနီခရီးစဉ်ကို ယနေ့တွင် စတင်ရန် စီစဉ်ထားသည်။

သို့သော် လက်ရှိပေါ်ပေါက်နေသည့် ပြည်တွင်းရေးအကျပ်အတည်းကြောင့် သမ္မတ မက်ခရွန်အနေဖြင့် ချစ်ကြည်ရေးခရီးစဉ်တစ်ခုသာဖြစ်သည့် ဂျာမနီခရီးစဉ်ကို ဖျက်သိမ်းခဲ့ရကြောင်း ပြင်သစ်သမ္မတရုံး တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပဲရစ်ဆင်ခြေဖုံး နယ်မြေတစ်ခု၌ ရဲတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် မြောက်အာဖရိကနွယ်ဖွား ဆယ်ကျော်သက် လူငယ်တစ်ဦး သေဆုံးခဲ့ရပြီးနောက်ဇူလိုင် ၁ ရက်ထိ လေးရက်တိုင်တိုင် ဆန္ဒပြပွဲများနှင့် အဓိကရုဏ်းများ ညစဉ်ဖြစ်ပွားခဲ့သည်။

ဂျာမနီခရီးစဉ်သည် ပြည်တွင်းရေးပြဿနာများကြောင့် ယခုနှစ်အတွင်း ပြင်သစ်သမ္မတ ဖျက်သိမ်းခဲ့ရသော ဒုတိယမြောက် ပြည်ပခရီးစဉ်ဖြစ်သည်။

ယခုနှစ် မေလကလည်း အလုပ်အငြိမ်းစားယူမှုပြုပြင်ပြောင်းလဲရေး အစီအစဉ်ဆန့်ကျင်ရေးဆန္ဒပြပွဲများကြောင့် ပြင်သစ်သမ္မတ မက်ခရွန်သည် ချားလ်ဘုရင်-၃ နန်းတက်ပွဲအတွက် ဗြိတိန်သို့သွားရောက်မည့် အစီအစဉ်ကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

KKO

## အမေရိကန်နိုင်ငံကို အဖွဲ့ဝင်သစ်အဖြစ် ပြန်ဝင်ခွင့်ပေးရန် ယူနက်စကိုအဖွဲ့ဝင်နိုင်ငံများ မဲခွဲဆုံးဖြတ်




**ပဲရစ် ဇူလိုင် ၂**

ကုလသမဂ္ဂသိပ္ပံ၊ ပညာရေးနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)သည် အမေရိကန်နိုင်ငံကို အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်လက်ခံရန် ဇွန် ၃၀ ရက်တွင် မဲခွဲဆုံးဖြတ်ခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ယူနက်စကိုအဖွဲ့၌ အဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်ပါဝင်ခွင့်ပေးရေး အမေရိကန်နိုင်ငံ၏ အဆိုပြုချက်ကို ယူနက်စကိုအဖွဲ့က ထောက်ခံမဲ ၁၃၂ မဲ၊ ကန့်ကွက်မဲ ၁၀ဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ယူနက်စကို၏ အဖွဲ့ဝင်အဖြစ် ဖိတ်ကြားချက်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအန်တိုနီဘလင်ကန် သို့မဟုတ် အခြားတာဝန်ရှိသူတစ်ဦးဦးက လက်ခံပြီးချိန်တွင် အမေရိကန်နိုင်ငံမှာ ယူနက်စကို၏ တရားဝင်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာလိမ့်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံကို ယူနက်စကိုအဖွဲ့၌ အဖွဲ့ဝင်အဖြစ် ပြန်လည်ဝင်ခွင့်ပြုရေးအဆိုပြုချက်ကို ရုရှား၊ တရုတ်၊ မြောက်ကိုရီးယား၊ အင်ဒိုနီးရှားနှင့် အီရန်အပါအဝင် နိုင်ငံ ၁၀ နိုင်ငံတို့က ကန့်ကွက်မဲများပေးခဲ့ကြသည်။

အစ္စရေးနိုင်ငံအပေါ် တစ်ဖက်စောင်းနင်းဆက်ဆံနေသည်ဟူသော စွပ်စွဲချက်ကြောင့် အမေရိကန်နိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် ယူနက်စကိုအဖွဲ့မှ နုတ်ထွက်ခဲ့သည်။

အမေရိကန်နိုင်ငံသည် သမ္မတရေဂင်လက်ထက် ၁၉၈၄ ခုနှစ်တွင်လည်း ယူနက်စကိုအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခဲ့ဖူးကြောင်း သိရသည်။

KKO

## အမေရိကန်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား အနည်းဆုံး နှစ်ဦးသေဆုံး၍ ၂၈ ဦးဒဏ်ရာရရှိ




**နယူးယောက် ဇူလိုင် ၂**

အမေရိကန်နိုင်ငံ ဘာလ်တီမိုးမြို့၌ ယနေ့တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံး၍ ၂၈ ဦးဒဏ်ရာများ ရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါလူအစုလိုက်သေနတ်ပစ်ခတ်ခံရမှုသည် ဘာလ်တီမိုးမြို့ ဂရက်နာလမ်းမတန်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဘာလ်တီမိုးရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ဖြစ်ပွားခဲ့သော အဆိုပါသေနတ်ပစ်ခတ်မှုအတွင်း အနည်းဆုံး လူနှစ်ဦးသေဆုံး၍ ၂၈ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က အတည်ပြုထားသည်။

လက်ရှိအချိန်တွင် ရဲတပ်ဖွဲ့ဝင်များသည် ပစ်ခတ်မှုကျူးလွန်သူကို ဖော်ထုတ်ရန်နှင့် ကျူးလွန်ရခြင်း ရည်ရွယ်ချက်ကို သိရှိရန်ကြိုးစားနေကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဘာလ်တီမိုး သေနတ်ပစ်ခတ်မှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က မည်သူ့ကိုမျှ ဖမ်းဆီးထားခြင်းမရှိကြောင်း သိရသည်။

လူဦးရေထက် သေနတ်အရေအတွက်ပိုများသည့် အမေရိကန်နိုင်ငံသည် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများအနက် သေနတ်နှင့် ဆက်နွှယ်သော လူသေဆုံးမှုနှုန်း အမြင့်ဆုံးနိုင်ငံဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် သေနတ်ပစ်ခတ်မှုများကြောင့် လူပေါင်း ၂၀,၂၀၀ သေဆုံးခဲ့ရကြောင်း သိရသည်။

KKO

## အိုင်ဗရီကို့စ်၌ ဆောက်လုပ်ဆဲခြောက်ထပ်အဆောက်အအုံပြိုကျမှုဖြစ်ပွား အလုပ်သမား အနည်းဆုံး ခုနစ်ဦး သေဆုံး

**အဘစ်ဂျန် ဇူလိုင် ၂**

အိုင်ဗရီကို့စ်နိုင်ငံ အဘစ်ဂျန်မြို့၌ ဇွန် ၃၀ ရက်က ဆောက်လုပ်ဆဲအဆောက်အအုံတစ်လုံး ပြိုကျခဲ့ရာ အလုပ်သမား အနည်းဆုံး ခုနစ်ဦးသေဆုံးခဲ့ရကြောင်းရိုက်တာသတင်းဌာနက ဇူလိုင် ၁ ရက်တွင် ဖော်ပြခဲ့သည်။

အထပ်ခြောက်ထပ် ရှိသည့် အဆိုပါ အဆောက်အအုံသည် အက်သံများပေါ်လာပြီး ၄၅ စက္ကန့်မျှအကြာတွင် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆောက်အအုံ ပြိုကျစဉ် အနည်းဆုံး အလုပ်သမား ခုနစ်ဦး သေဆုံးခဲ့ရပြီး ကျန်အလုပ်သမားများမှာ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း အိုင်ဗရီကို့စ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ရှာဖွေကယ်ဆယ်ရေး သမားများသည် အပျက်အစီးများအတွင်း ပိတ်မိနေသူများ ရှိ၊ မရှိ ရှာဖွေနေကြဆဲဖြစ်သည်။

အိုင်ဗရီကို့စ်နိုင်ငံနှင့် အနောက်အာဖရိကဒေသ နိုင်ငံများ၌ အဆောက်အအုံ ဆောက်လုပ်မှုလုပ်ငန်း စည်းမျဉ်းဥပဒေများ အာဏာသက်ဝင်မှု နည်းပါးခြင်း၊ စံချိန်မမီသည့်ကုန်ကြမ်းများသုံးစွဲမှုတို့ကြောင့် မိုးတွင်းကာလများတွင် အဆောက်အအုံ ပြိုကျမှုများ မကြာခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်ကလည်း ဖေဖော်ဝါရီလနှင့် မတ်လကြားကာလ ရက်သတ္တနှစ်ပတ်တာကာလအတွင်း အိုင်ဗရီကို့စ်နိုင်ငံ အဘစ်ဂျန်မြို့၌ အဆောက်အအုံနှစ်လုံး ပြိုကျခဲ့ရာ လူပေါင်း ၁၃ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

KKO




## ဘီလာရုစ်နယ်စပ်သို့ ရဲတပ်ဖွဲ့ဝင်ဦးရေ ၅၀၀ ပိုလန်စေလွှတ်မည်

**ဝါဆော ဇူလိုင် ၂**

ဘီလာရုစ်နိုင်ငံနှင့် ထိစပ်နေသည့် နယ်စပ်တစ်လျှောက်၌ ရဲတပ်ဖွဲ့ဝင်အင်အား ၅၀၀စေလွှတ်ဖြန့်ကြက်ရန် ပိုလန်နိုင်ငံက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဇူလိုင် ၁ ရက်တွင် လူပေါင်း ၁၈၇ ဦးတို့က ဘီလာရုစ်နိုင်ငံဘက်ခြမ်းမှတစ်ဆင့် ပိုလန်နိုင်ငံအတွင်းသို့ဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြောင်း ပိုလန် နယ်ခြားစောင့်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

သို့သော် လက်ရှိနယ်စပ်အခြေအနေအရ ရဲတပ်ဖွဲ့ဝင် ၅၀၀ ထပ်မံစေလွှတ်၍ နယ်စပ်လုံခြုံရေးမြှင့်တင်ထားမည်ဖြစ်ကြောင်း ပိုလန်ပြည်ထဲရေးဝန်ကြီး မားရီးယပ်စ်ကာဝင်စကီးက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ပိုလန်နှင့်ဘီလာရုစ်နှစ်နိုင်ငံ နယ်စပ် တစ်လျှောက်တွင်နယ်ခြားစောင့်တပ်ဖွဲ့ဝင်ဦးရေ ၅၀၀၀နှင့် ပိုလန်စစ်ဘက်တပ်ဖွဲ့ဝင်ဦးရေ၂၀၀၀တို့က လုံခြုံရေးတာဝန်ရယူထားသည်။


ရှေးယခင်က အာဖရိကနှင့် အရှေ့အလယ်ပိုင်း ဒေသတို့မှ ရွှေ့ပြောင်းဝင်ရောက်သူများသည် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသို့ သွားရောက်ရေးအတွက် ဘီလာရုစ်နိုင်ငံဘက်မှတစ်ဆင့် ပိုလန်နိုင်ငံတွင်းသို့ ဝင်ရောက်လေ့ရှိသည်။

ဥရောပနိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုကို တုံ့ပြန်သည့်အနေဖြင့် ဘီလာရုစ်နိုင်ငံသည် ရွှေ့ပြောင်းဝင်ရောက်သူများ ပိုလန်နိုင်ငံတွင်းသို့ ဝင်ရောက်ရေးအတွက် အားပေးအားမြှောက်ပြုနေသည်ဟု ဥရောပသမဂ္ဂက စွပ်စွဲထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ဂျူရက်ဆစ်ဘူမိခေတ် ရေနေသက်ရှိတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်အနောက်ပိုင်း မာလုန်းတောင်ကုန်းဒေသ၌ တူးဖော်တွေ့ရှိထား



**ဝါရှင်တန် ဇူလိုင် ၂**

ပလီစီယိုဆောရပ်စ် (Plesiosaus) ခေါ် ဂျူရက်ဆစ်ဘူမိခေတ် ရေနေသက်ရှိတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်အနောက်ပိုင်း မာလုန်းတောင်ကုန်းဒေသ၌ တူးဖော်တွေ့ရှိထားကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၁ ရက်တွင် ရေးသားတင်ပြထားသည်။

ပလီစီယိုဆောရပ်စ်ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရ ယနေ့ခေတ် မက္ကဆီကို အရှေ့မြောက်ပိုင်းနှင့် တက္ကဆက်ပြည်နယ် အနောက်ပိုင်းဒေသတို့၌ ရေတိမ်ပင်လယ်တစ်ခု တစ်ချိန်က တည်ရှိခဲ့ဖူးသည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

လွန်ခဲ့သောနှစ်ပေါင်း သန်း ၁၅၀ ခန့်ကာလ ဂျူရက်ဆစ်ဘူမိခေတ်သည် ကမ္ဘာပေါ်၌ အရွယ်အစား အကြီးဆုံးနှင့်အထင်ရှားဆုံး ဒိုင်နိုဆောများရှင်သန်ခဲ့ကြရာ ဘူမိခေတ် ဖြစ်သည်။

သို့ရာတွင် ဂျူရက်ဆစ်ဘူမိခေတ် ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထား ရှားပါးမှုကြောင့် ဂျူရက်ဆစ်ဘူမိခေတ် တက္ကဆက်ပြည်နယ် အခြေအနေကိုမှန်းဆရခက်နေသေးကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျူရက်ဆစ်ဘူမိခေတ် တက္ကဆက် ရေတိမ်ပင်လယ်ကြမ်းပြင်၌ ကျန်ရှိသမျှ ကျောက်ဖြစ်ရုပ်ကြွင်းအားလုံးနီးပါးကို မာလုန်းတောင်တန်းအထက် အကျယ်အဝန်း စတုရန်းမိုင် ၁၃ မိုင်သာရှိသောကျောက်လွှာနယ်မြေမှ တူးဖော်တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ပလီစီယိုဆောရပ်စ်များသည် ကိုယ်ထည်အလျား ၃ ဒသမ ၅ မီတာနှင့် ကိုယ်အလေးချိန် ကီလိုဂရမ် ၅၀၀ ထိရှိတတ်သော ကမ္ဘာဦး သက်ရှိများဖြစ်ကြကြောင်း သိရသည်။

KKO

## အာကာသတွင်းနက်များ၏လှုပ်ရှားမှုကြောင့် ပေါ်ထွက်လာသည့်ဒြပ်ဆွဲအားလှိုင်းအော်သံများကို သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ် လေ့လာနိုင်ခဲ့

**ဝါရှင်တန် ဇူလိုင် ၂**

အာကာသတွင်းနက်များ၏ လှုပ်ရှားမှုများကြောင့် ပေါ်ထွက်လာသည့်ဒြပ်ဆွဲအားလှိုင်းအော်သံများကို သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် လေ့လာနိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁ ရက်တွင် ရေးသားတင်ပြထားသည်။

အာကာသတွင်းနက်များလှုပ်ရှားမှုကြောင့် ပေါ်ထွက်လာသည့် လှိုင်းကြိမ်နှုန်းနိမ့်ဒြပ်ဆွဲအားလှိုင်းမြည်သံများကို မိမိတို့အနေဖြင့် ပထမဆုံးအကြိမ် လေ့လာနိုင်ခဲ့ကြောင်း NANOGrav အမည်ရှိ အမေရိကန်နိုင်ငံအခြေစိုက် ဒြပ်ဆွဲအားလှိုင်း လေ့လာရေးဌာနမှ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အဆိုပါဒြပ်ဆွဲအားလှိုင်းမြည်သံများသည် အလွန်ကြီးမားသည့် အရာဝတ္ထုကြီးများ ရွေ့လျားမှု၊ တစ်ခုနှင့်တစ်ခု ဝင်တိုးတိုက်မှုတို့ကြောင့် စကြဝဠာပြင်လွှာသစ်၌ အပြောင်းအလဲများ ရှိနေမှု၏ အထောက်အထားဖြစ်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။



အရွယ်အစားအလွန်ကြီးမားသော အရာဝတ္ထုများ အာကာသ-အချိန်ပြင်လွှာပေါ်၌ ရွေ့လျားမှုကြောင့် အာကာသ-အချိန်ပြင်လွှာတစ်လျှောက် ဒြပ်ဆွဲအားလှိုင်းများ ပျံ့နှံ့ ရောက်ရှိသွားတတ်ကြောင်း ကမ္ဘာကျော် သီအိုရီရူပဗေဒပညာရှင် အိုင်းစတိုင်းက ဟောကိန်းထုတ်ခဲ့ပြီးဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် အမေရိကန် သိပ္ပံပညာရှင်များသည် ပထမဆုံးအကြိမ်အဖြစ် ဒြပ်ဆွဲအားလှိုင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး အိုင်းစတိုင်း၏ သီအိုရီမှန်ကန်ကြောင်း အတည်ပြုနိုင်ခဲ့သည်။

သို့ရာတွင် အဆိုပါဒြပ်ဆွဲအားလှိုင်းများ၏ လှိုင်းကြိမ်နှုန်းနိမ့်မြည်သံများကိုမူ မိမိတို့အနေဖြင့် ပထမဆုံးအကြိမ် လေ့လာနိုင်ခဲ့ခြင်းဖြစ်သည်ဟု NANOGravမှ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

KKO

## Space-X ကုမ္ပဏီက ယူကလစ်အာကာသရေဒီယိုတယ်လီစကုပ်သစ်ကို လွှတ်တင်ပေးခဲ့

**ဝါရှင်တန် ဇူလိုင် ၂**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ဥရောပအာကာသအေဂျင်စီ၏ ယူကလစ်အမည်ရှိ အာကာသရေဒီယိုတယ်လီစကုပ်သစ်ကို ဇူလိုင် ၁ ရက်က လွှတ်တင်ပေးခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

Space-X ကုမ္ပဏီသည် ယူကလစ်အာကာသရေဒီယိုတယ်လီစကုပ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်လ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီးမကြာမီမှာပင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် ယူကလစ်အာကာသရေဒီယိုတယ်လီစကုပ်ကို ပဏာမပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ယူကလစ်အာကာသရေဒီယိုတယ်လီစကုပ်သည် ၎င်းအထိုင်ချနေရာယူမည့် ပတ်လမ်းနေရာသို့ ဆက်လက်ပျံသန်းနေပြီဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

ယူကလစ်အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာမြေနှင့် မိုင်ပေါင်း တစ်သန်းအကွာတွင်ရှိသော နေနှင့်ကမ္ဘာ ဒြပ်ဆွဲအားဆုံမှတ်နယ်မြေ၌နေရာယူ၍ အာကာသဟင်းလင်းပြင်ကို လေ့လာစူးစမ်းမည်ဖြစ်သည်။

ယူကလစ်အာကာသရေဒီယိုတယ်လီစကုပ်သည် မဟူရာဒြပ်စင်ခေါ် စကြဝဠာဒြပ်စင်တစ်မျိုးနှင့် မဟူရာစွမ်းအင် ခေါ် စကြဝဠာစွမ်းအင်တစ်မျိုးတို့ကို စူးစမ်းမည်ဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## အမျိုးသားများတွင် ဝိုင်ခရိုမိုဆုန်းပါဝင်မှုကျဆင်းပါက ကင်ဆာရောဂါတချို့ကို ရင်ဆိုင်နိုင်စွမ်းထိခိုက်သွားနိုင်

**နယူးယောက် ဇူလိုင် ၂**

အမျိုးသားများ၏ ဆဲလ်များအတွင်း ဝိုင်ခရိုမိုဆုန်း (Y Chromosome) ခေါ် မျိုးဗီဇမော်လီကျူးအမျှင်တန်းပါဝင်မှု ကျဆင်းလာခဲ့ပါက ကင်ဆာရောဂါတချို့ကို ရင်ဆိုင်နိုင်စွမ်းထိခိုက်သွားနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁ ရက်တွင် ရေးသားတင်ပြထားသည်။

ဝိုင်ခရိုမိုဆုန်း ရာခိုင်နှုန်း ကျဆင်းနေသည့် အမျိုးသားများတွင် လူ့ခုခံအားစနစ်ကို ဆီးအိတ်ကင်ဆာရောဂါ ထိုးဖောက်ဝင်ရောက်၍ ကင်ဆာဆဲလ်များပျံ့နှံ့နှုန်း ပို၍မြန်လာတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် ဝိုင်ခရိုမိုဆုန်းလျော့နည်းနေသူများ၏ ဆီးအိတ်ကင်ဆာဆဲလ်များကိုလည်း Immune Checkpoint Inhibitors ခေါ် ကုထုံးတစ်မျိုးဖြင့် ပို၍ထိထိရောက်ရောက် ရှင်းလင်းနိုင်သည်ကိုလည်း တွေ့ရှိရကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဓာတ်ခွဲခန်းအတွင်း ကြွက်များဖြင့် ဗီဇမော်လီကျူးအဆင့် စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အမျိုးသားများအနေဖြင့် ဘဝတစ်လျှောက် တစ်ချိန်ချိန်တွင် ဆဲလ်များအတွင်း ဝိုင်ခရိုမိုဆုန်းပါဝင်မှု အလိုအလျောက်ကျဆင်းသွားတတ်သည်။

ဝိုင်ခရိုမိုဆုန်း ကျဆင်းမှုသည် နှလုံးရောဂါနှင့်အယ်ဇိုင်းမားရောဂါ အပါအဝင် ရောဂါဘယတချို့ဖြစ်ပွားမှုနှင့်လည်း ဆက်စပ်နေကြောင်း သိရသည်။ KKO

## ဒူးနာလူနာများ နာကျင်ကိုက်ခဲမှုသက်သာခဲ့လျှင်ပင် နောက်ဆက်တွဲ စိတ်ကျန်းမာရေးပြဿနာပေါ်လာနိုင်

**နယူးယောက် ဇူလိုင် ၂**

ဒူးနာရောဂါ လူနာများအနေဖြင့် နာကျင်ကိုက်ခဲမှုများ ပျောက်ကင်းသက်သာခဲ့လျှင်ပင် နောက်ဆက်တွဲအဖြစ် စိတ်ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေရှိနေဆဲဖြစ်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁ ရက်တွင်ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန် တက္ကသိုလ် သုတေသနပညာရှင်များ၏အဆိုအရ ရုပ်ပိုင်းဆိုင်ရာ အခြေအနေ အတော်လေးကောင်းမွန်လာသော ဒူးနာလူနာများ၌ စိတ်သောကဝေဒနာ အခြေအနေလည်း လျော့ပါးသက်သာလာတတ်ကြောင်း သိရသည်။

သို့ရာတွင် ဒူးနာလူနာများ၏ အခြေအနေ တိုးတက်ကောင်းမွန်လာချိန်တွင် စိတ်ကျဝေဒနာခံစားရမှုအခြေအနေ တိုးတက်ကောင်းမွန်လာမှုမရှိသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ဒူးနာလူနာများအနေဖြင့် နာကျင်ကိုက်ခဲမှုများ သက်သာသွားသည့်တိုင် စိတ်ကျန်းမာရေး ပြဿနာများနှင့် ဆက်လက်ရင်ဆိုင်နိုင်ကြရဖွယ်ရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ဒူးနာရောဂါလူနာတချို့မှာ နာကျင်ကိုက်ခဲမှုဝေဒနာခံစားနေရချိန်တွင် စိတ်ကျန်းမာရေးပြဿနာများ ဝင်လာတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဒူးနာလူနာ ၁၁၀၀၀ ကျော်တို့၏ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်များကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# SINGHA-SAT Nakhon Ratchasima Classic 2023

# ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရဲထက်အောင် ချန်ပီယံဆုဆွတ်ခူး




**ရန်ကုန် ဇူလိုင် ၂**

ထိုင်းနိုင်ငံတွင် ဇွန် ၂၈ရက်မှ ဇူလိုင် ၁ ရက်ထိ ကျင်းပခဲ့သည့် Thailand PGA Tour၏ ပြိုင်ပွဲအမျိုးအစားတစ်ခုဖြစ်သော SINGHA-SAT Nakhon Ratchasima Classic 2023 ပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက်ကစားသမား ရဲထက်အောင်က ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက်ကစားသမား ရဲထက်အောင်သည် ပထမရက်တွင် ၆၄ ချက်၊ ဒုတိယရက်တွင် ၆၆ ချက်၊ တတိယရက်တွင် ၆၇ ချက်၊ စတုတ္ထရက်တွင် ၆၄ ချက် လေးရက်ပေါင်း ရိုက်ချက် ၂၆၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၂၃ချက် လျော့ရိုက်ပြီး ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

SINGHA-SAT Nakhon Ratchasima Classic 2023 ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားကို မြန်မာနိုင်ငံမှ ရဲထက်အောင်၊ ဒုတိယဆုကို ထိုင်းနိုင်ငံသား Sangchai Kaewcharoen က သတ်မှတ်ရိုက်ချက်ထက် ၂၀ ချက်ဖြင့်လည်းကောင်း၊ ထိုင်းနိုင်ငံသားများဖြစ်သည့် Suttinon Panyo နှင့် Thanyakon Khrongpha တို့က သတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ စီလျော့ရိုက်ပြီး ပူးတွဲတတိယဆုရယူနိုင်ခဲ့ကြကာ ရဲထက်အောင်အနေဖြင့် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သောကြောင့် ဆုကြေးငွေ ထိုင်းဘတ် ၂၄၀၀၀၀ ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရဲထက်အောင်နှင့်အတူ အောင်ဆန်းမျိုးလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမရက်တွင် ၆၉ ချက်၊ ဒုတိယရက်နှင့် တတိယရက်တို့တွင် ၇၁ ချက်နှင့် စတုတ္ထရက်တွင် ၆၇ ချက် စုစုပေါင်းရိုက်ချက် ၂၇၈ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်သာ လျော့ရိုက်နိုင်ခဲ့သည့်အတွက် အဆင့် (၄၅) နေရာတွင်သာ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ရဲထက်အောင်သည် ၂၀၁၆ ခုနှစ်နောက်ပိုင်း အာရှအဆင့်နှင့် အာဆီယံအဆင့် ပြိုင်ပွဲများတွင် ဆက်တိုက် ပါဝင်ကစားလျက်ရှိနေပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ပထမဆုံးဆုဖလားအဖြစ် SINGHA-SAT Nakhon Ratchasima Classic 2023 ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# Eastbourne International

# ပြိုင်ပွဲချန်ပီယံဆုကို စီရန်ဒိုလို ဆွတ်ခူး

**လန်ဒန် ဇူလိုင် ၂**

ဗြိတိန်နိုင်ငံတွင် ကျင်းပသွားခဲ့သည့် Eastbourne International တင်းနစ်ပြိုင်ပွဲတွင် အာဂျင်တီးနားတင်းနစ်ကစားသမား စီရန်ဒိုလိုက အမေရိကန်တင်းနစ်ကစားသမား တွမ်မီပေါလ်ကို အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Tennis-X သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စီရန်ဒိုလိုသည် ဗိုလ်လုပွဲစဉ်တွင် တွမ်မီပေါလ်ကို (၆-၄၊ ၁-၆၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

စီရန်ဒိုလိုသည် ပထမပွဲငယ်တွင်ပြတ်သားသောရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် ပြန်လည်ရှုံးနိမ့်ခဲ့ပြီး တတိယပွဲငယ်အား ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာတွင် စီရန်ဒိုလိုက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

စီရန်ဒိုလိုအတွက် မြက်ကွင်းတွင် ဒုတိယမြောက်ချန်ပီယံဆုဖလားကို ဆွတ်ခူးသွားနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

စီရန်ဒိုလိုက "မြက်ကွင်းမှာ ကစားသမားဘဝရဲ့ ဒုတိယမြောက် ချန်ပီယံဆုဖလား ဖြစ်ပြီးတော့ ထင်မှတ်မထားတဲ့ အောင်မြင်မှုဖြစ်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်တော်အနေနဲ့ ဗိုလ်လုပွဲစဉ်မှာ စွမ်းဆောင်ရည်ပိုင်း မတည်မငြိမ်ဖြစ်ခဲ့တယ်။ ချန်ပီယံဆုနဲ့ လွဲချော်သွားနိုင်တဲ့ အခြေအနေနဲ့တောင် ရင်ဆိုင်ခဲ့ရတယ်။ ပထမပွဲငယ်မှာ အနိုင်ရခဲ့ပေမဲ့လဲ ဒုတိယပွဲငယ်မှာ တော်တော်လေးကို ဆိုးရွားတဲ့ပုံစံနဲ့ ရှုံးနိမ့်ခဲ့ရတယ်။ နှစ်ယောက်စလုံးက ချန်ပီယံဆုကိုဆွတ်ခူးနိုင်တဲ့ အခြေအနေဖြစ်ပေမဲ့လဲ ကံတရားက ကျွန်တော့်ဘက်ပိုသာခဲ့တယ်။ ပြိုင်ဘက်ကစားသမားက အရမ်းကောင်းသလို လေတိုက်နှုန်းကလဲ အရမ်းမြင့်တဲ့အတွက်ကြောင့် ကစားရတာတော်တော်လေးတော့ခက်ခဲ့ခဲ့တယ်။ ကျွန်တော့်ရဲ့ ကစားသမားဘဝတစ်လျှောက် ကစားရအခက်ဆုံးပွဲစဉ်တစ်ပွဲလဲ ဖြစ်ခဲ့ပါတယ်။ ချန်ပီယံဆု ဆွတ်ခူးနိုင်ဖို့အတွက် ကျွန်တော့်ရဲ့ နည်းပြအဖွဲ့က အများကြီး ကူညီပေးခဲ့တယ်။ အာဂျင်တီးနား ပရိသတ်တွေကလဲ အားပေးခဲ့ကြတယ်။ ဒီအောင်မြင်မှုဟာ ကျွန်တော့်နည်းပြအဖွဲ့နဲ့ ပရိသတ်တွေကြောင့်ရခဲ့တဲ့ ဆုဖလား ဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# ဒိုင်နမိုဇာဂရက်အသင်း ဂိုးသမား လီဗာကိုဗစ်ကို ဥရောပကလပ်အသင်းသုံးသင်းက ခေါ်ယူရန် အပြိုင်ကြိုးပမ်း

**ဇော်ဂ်ရက် ဇူလိုင် ၂**

၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခရိုအေးရှားအသင်းနှင့် လက်စွမ်းပြသနိုင်ခဲ့သည့် ဂိုးသမား လီဗာကိုဗစ်အား ဥရောပကလပ်အသင်းများဖြစ်သည့် ဖီအိုရင်တီးနားအသင်း၊ ဗီလာရီးရဲလ်အသင်းနှင့် ဖီနာဘာချီအသင်းတို့က ခေါ်ယူရန် အပြိုင်ကြိုးပမ်းခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် ဂိုးသမား လီဗာကိုဗစ်အား စီးရီးအေကလပ် ဖီအိုရင်တီးနားအသင်းက ပြောင်းရွှေ့ကြေး ယူရို ခြောက်သန်းဖြင့် ခေါ်ယူရန် တရားဝင်ကမ်းလှမ်းမှု ပြုလုပ်၍ ဆွေးနွေးနေသော်လည်း ဗီလာရီးရဲလ်အသင်းနှင့်ဖီနာဘာချီအသင်းတို့ကလည်း ကစားသမား၏ စွမ်းဆောင်ရည်ကောင်းများကို သဘောကျသောကြောင့် ဒိုင်နမိုဇာဂရက်အသင်းက အလိုရှိနေသည့် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် အပြိုင် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

ဂိုးသမား လီဗာကိုဗစ်သည် ၂၀၁၆ ခုနှစ်တွင် ဒိုင်နမိုဇာဂရက်အသင်းကြီး၌ ပွဲထွက်ခွင့် စတင်ရရှိခဲ့ပြီးနောက် နိုင်ငံလက်ရွေးစင်အသင်းတွင် ရွေးချယ်ခံခဲ့ရကာ ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားတွင် ဒုတိယ၊ ၂၀၂၂ ကမ္ဘာ့ဖလားတွင် တတိယနှင့် ၂၀၂၂-၂၀၂၃ နေးရှင်းလိဂ်ပြိုင်ပွဲတွင် ဒုတိယဆုများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် ဥရောပထိပ်သီး ကလပ်အသင်းများက ၎င်းကိုခေါ်ယူရန် အပြိုင်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ဖီအိုရင်တီးနား အသင်းသည် ဂိုးသမား လီဗာကိုဗစ်အား လက်ဦးမှုရယူနိုင်ရန် ကြိုးပမ်းနေသော်လည်း ပြောင်းရွှေ့ကြေးယူရို ခြောက်သန်းသာ ပေးချေရန် ဆန္ဒရှိနေသဖြင့် ဒိုင်နမိုဇာဂရက်တာဝန်ရှိသူများက ကမ်းလှမ်းမှုကို ထပ်မံဆွေးနွေးနေပြီး ပြောင်းရွှေ့ကြေးပိုမိုပေးချေနိုင်သည့် ကလပ်အသင်းကိုသာ ပြောင်းရွှေ့ခွင့်ပြုရန် စီစဉ်ထားကြောင်း သိရသည်။ ML

# ကွင်းလယ်ကစားသမားဖာဘရီဂတ်စ်ကစားသမားဘဝမှ အနားယူကြောင်း ထုတ်ပြန်ကြေညာ

**မီလန် ဇူလိုင် ၂**

အာဆင်နယ်၊ ဘာစီလိုနာ၊ ချဲလ်ဆီး၊ မိုနာကိုနှင့် ကိုမိုအသင်းတို့တွင် ကစားခဲ့သည့် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အနေဖြင့် ယနေ့တွင် ကစားသမားဘဝမှ အနားယူကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု 90min.com က ဖော်ပြခဲ့သည်။

အသက် ၃၆ နှစ်သာ ရှိသေးသည့် ဖာဘရီဂတ်စ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက မိုနာကိုအသင်းမှ စီးရီးဘီကလပ် ကိုမိုအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ယခုအခါ ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်သည် အသက် ၁၆ နှစ်အရွယ်တွင် ဘာစီလိုနာအသင်းနှင့် ကစားသမားဘဝ စတင်ခဲ့ပြီးနောက် အာဆင်နယ်အသင်း၊ ဘာစီလိုနာအသင်း၊ ချဲလ်ဆီးအသင်း၊ မိုနာကိုအသင်းနှင့် ကိုမိုအသင်းတို့သို့ ပြောင်းရွှေ့ကစားခဲ့ရာတွင် အဓိကဆုဖလား ၁၂ လုံးထိ ဆွတ်ခူးခဲ့ပြီး စပိန်လက်ရွေးစင်အသင်းတွင်လည်း ၂၀၁၀ ကမ္ဘာ့ဖလားအပါအဝင် ဆုဖလားသုံးလုံးထိ ရရှိခဲ့သဖြင့် အနှစ် ၂၀ ကျော်ကစားသမားဘဝတွင် ဆုဖလား ၁၅ လုံးထိ ရရှိခဲ့ကြောင်း သိရသည်။




ဖာဘရီဂတ်စ်က "ကစားသမားဘဝက အနားယူဖို့ ဆုံးဖြတ်လိုက်ရလို့ အရမ်းစိတ်မကောင်းဖြစ်မိပါတယ်။ ကျွန်တော်ကစားသမားဘဝမှာ ဘာစီလိုနာ၊ အာဆင်နယ်၊ မိုနာကို၊ ချဲလ်ဆီး၊ ကိုမိုအသင်းတွေမှာကစားရတဲ့ ပထမဆုံးနေ့တွေကို အမြဲအမှတ်ရနေမှာပါ။ ဒါ့ပြင် ကမ္ဘာ့ဖလားအပါအဝင်၊ ယူရိုဖလား၊ အင်္ဂလန်နဲ့စပိန်က ပြည်တွင်းဖလားအားလုံးနီးပါးရရှိခဲ့တဲ့နေ့တွေကိုလဲ ဘယ်တော့မှမမေ့ပါဘူး။ ကျွန်တော့်ကို ဝိုင်းဝန်းကူညီပေးကြတဲ့ အသင်းဖော်တွေ၊ နည်းပြတွေ၊ ပရိသတ်တွေနဲ့ အေးဂျင့်တွေကိုလဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို အမြဲအားပေးခဲ့တဲ့ ကျွန်တော့်မိသားစုကိုလဲ ကျေးဇူးတင်ပါတယ်" ဟု ပြောကြားခဲ့သည်။ ML

## အားကစားသတင်း အတိုအထွာများ

- ဂိုးမက်ဇ်အနေဖြင့် ဆီဗီလာအသင်းမှ ထွက်ခွာမည်မဟုတ်ဘဲ လာမည့်ဘောလုံးရာသီတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း ကစားသမား၏ အေးဂျင့်ဖြစ်သူ ရီဆိုက ထုတ်ဖော်ပြောကြားခဲ့သည်။
- အေစီမီလန်အသင်းက လာဇီယို ကွင်းလယ်ကစားသမား ရိုမီရိုကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ပြီး ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။
- ယူရို ၂၀၂၃ ယူ-၂၁ ကွာတားဖိုင်နယ်တွင် အင်္ဂလန်အသင်းက တိုက်စစ်မှူး ဂေါ်ဒန်၏ သွင်းဂိုးဖြင့် ပေါ်တူဂီကို အနိုင်ရခဲ့ကြောင်း သိရသည်။

ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၁) တွင် ရောဝတီယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်




**ရန်ကုန် ဇူလိုင် ၂**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ် (၁၁) အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ရောဝတီယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ အပြန်အလှန် သွင်းဂိုးများဖြင့် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

အဆိုပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဆင် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၁၃ မိနစ်တွင် ညီညီအောင်က ရောဝတီယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သော်လည်း ပွဲချိန် ၂၈ မိနစ်တွင် သန်းကျော်ထွေးက ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည်။

ချေပဂိုး ပြန်ပေးခဲ့ရပြီးနောက် ရောဝတီယူနိုက်တက် အသင်းက တိုက်စစ်မြှင့် ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၃၇မိနစ်တွင် အောင်မင်းသူက ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရောဝတီယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရခိုင်ယူနိုက်တက်အသင်းကလည်း ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည်တိုက်စစ်ဆင်ဖိအားပေးခဲ့ရာမှပွဲချိန် ၅၃ မိနစ်တွင် မောင်မောင်စိုးက ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည်။

လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ရခိုင်ယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား မောင်မောင်စိုးက ရရှိခဲ့ကြောင်း သိရသည်။ STA

# Rocket Mortgage Classic ပြိုင်ပွဲ အမှတ်ပေးဇယားကို ရီကီဖောင်လာဦးဆောင်

**မီချီဂန် ဇူလိုင် ၂**

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ် ဒက်ထရိုက်မြို့တွင် ကျင်းပနေသည့် Rocket Mortgage Classic ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ရီကီဖောင်လာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကနေဒါဂေါက်သီးရိုက် ကစားသမား ဟက်ဝင်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး တစ်နိုင်ငံတည်းသား ဂေါက်သီးရိုက်ကစားသမားတစ်ဦးပင် ဖြစ်သည့် ပန်ဒရစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်ထားနိုင်ခဲ့သည်။

ရီကီဖောင်လာသည် တတိယနေ့၏ နောက်ဆုံးကျင်း ရှစ်ကျင်းတွင် ခြောက်ကျင်းထိ Birdies ရိုက်ချက်များ ရယူနိုင်ခဲ့သည့်အတွက်ကြောင့်လည်း အမှတ်ပေးဇယားထိပ်သို့ တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

ရီကီဖောင်လာက "ကျွန်တော့်အနေနဲ့ ကျရှုံးရမှာကို မကြောက်တော့ပါဘူး။ ကျရှုံးမှုတွေနဲ့ အကြိမ်ကြိမ် ရင်ဆိုင်ခဲ့ဖူးတဲ့အတွက် အောင်မြင်သည်ဖြစ်စေကျရှုံးသည်ဖြစ်စေ တည်ငြိမ်စွာနေထိုင်တတ်နေပါပြီ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# အေစီမီလန်အသင်းက ကွင်းလယ်ကစားသမား ပူလီဆစ်ကိုခေါ်ယူရန် သဘောတူညီမှုရရှိ




**ရောမ ဇူလိုင် ၂**

အေစီမီလန် အသင်းသည် ချဲလ်ဆီးအသင်းက ရောင်းချရန် ပြင်ဆင်နေသည့် ကွင်းလယ်ကစားသမား ပူလီဆစ်ကို ခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် ကလပ်အသင်းနှစ်ခုကြားခေါ်ယူရန် သဘောတူညီမှုရရှိထားသော်လည်း ပြောင်းရွှေ့ကြေးနှင့်ပတ်သက်၍ ချဲလ်ဆီးအသင်းက ကစားသမားအတွက် ယူရို ၂၅ သန်းအလိုရှိသော်လည်း အေစီမီလန်အသင်းက အများဆုံး ယူရို ၁၈ သန်းသာ ပေးချေမည်ဖြစ်သောကြောင့် နောက်ဆုံးအဆင့် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်၍ မကြာမီ ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။

အေစီမီလန် အသင်းသည် အသင်းမှ ကွင်းလယ်ကစားသမားတိုနယ်လီကို နယူးကာဆယ်အသင်းသို့ လက်လွှတ်ခဲ့ရသဖြင့် ၎င်း၏နေရာတွင် အစားထိုးရန်အတွက် ချဲလ်ဆီးအသင်းတွင် ပုံမှန်ပွဲကစားခွင့်မရသောကြောင့် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသည့် ပူလီဆစ်ကိုခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

အသက် ၂၄ နှစ်ရှိ ကွင်းလယ်ကစားသမား ပူလီဆစ်သည် ၂၀၁၉ ခုနှစ်က ဒေါ့မွန်အသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၆၄ သန်းဖြင့် ရောက်ရှိခဲ့ကာ အသင်းနှင့်အတူ ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ၎င်းအနေဖြင့် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်နေရသည့်အတွက် အသင်းအား ဝင်ငွေ၊ ထွက်ငွေ စည်းမျဉ်းနှင့် ကိုက်ညီမှုရှိစေရန် ကစားသမားများ၏လုပ်ခလစာလျှော့ချလိုနေသည့် ချဲလ်ဆီးအသင်းက ပူလီဆစ်ကို ရောင်းထုတ်၍ ဘဏ္ဍာရေးလိုအပ်ချက်ကို ဖြည့်တင်းရန် ဆုံးဖြတ်ခဲ့သည်။

ပူလီဆစ်သည် ချဲလ်ဆီးအသင်းနှင့် လာမည့် ၂၀၂၄ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းအနေဖြင့် ကွင်းလယ်တိုက်စစ်ပိုင်းတွင် မက်ဒရိုင်း၊ စတားလင်း၊ နိုနီမက်ဒူကီ၊ အူဘာမီယန်းနှင့် ဒက်ထရိုဖိုဖန်နာတို့ကို ခေါ်ယူခဲ့စဉ်ကတည်းက ပူလီဆစ်သည် အသင်းမှထွက်ခွာရန် စီစဉ်ခဲ့ကြောင်း သိရသည်။ ML

# Bad Homburg Open ပြိုင်ပွဲ ချန်ပီယံဆုကို စီနီအာကိုဗာ ဆွတ်ခူး

**ဘာလင် ဇူလိုင် ၂**

ဂျာမနီနိုင်ငံ ဘက်ဟွမ်ဘတ်တွင်ကျင်းပခဲ့သည့် Bad Homburg Open တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်တစ်ပွဲအဖြစ် ချက်တင်းနစ်မယ် စီနီအာကိုဗာက အီတလီတင်းနစ်မယ် ဘရွန်ဇက်တီတို့ယှဉ်ပြိုင်ကစားခဲ့ရာ စီနီအာကိုဗာက (၆-၂၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Tennis Threats သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချက်တင်းနစ်မယ် စီနီအာကိုဗာသည် အမျိုးသမီးနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲလောက၏ကမ္ဘာ့အဆင့် (၁) နေရာတွင် ရပ်တည်နေသည့် ကစားသမားတစ်ဦးဖြစ်ပြီး မြက်ကွင်းတွင် ကျင်းပသော တင်းနစ်ပြိုင်ပွဲအမျိုးအစား၏အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ချန်ပီယံဆုကို ပထမဆုံးဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

၎င်းသည် အမျိုးသမီးနှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲများ၌သာ အဓိကအာရုံစိုက်ခဲ့မှုကြောင့် နှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲများတွင် အောင်မြင်မှုများ ဆွတ်ခူးထားနိုင်သည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။

စီနီအာကိုဗာနှင့် ဗိုလ်လုပွဲစဉ်တွင် ယှဉ်ပြိုင်ကစားခဲ့ရသော ဘရွန်ဇက်တီသည် ဆီမီးဖိုင်နယ်အဆင့်တွင် ယှဉ်ပြိုင်ကစားရမည့် ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ် စဝီယာတက်ခ်ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့သည့်အတွက်ကြောင့် ဆီမီးဖိုင်နယ်အဆင့်ကို ကစားစရာမလိုပဲ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

ဘရွန်ဇက်တီအနေဖြင့် စီနီအာကိုဗာထက် အနားယူချိန်ပိုရခဲ့သော်လည်း ပုံစံကောင်းရနေသည့် စီနီအာကိုဗာအား ကျော်ဖြတ်နိုင်ခြင်းမရှိခဲ့ဘဲ ဒုတိယဆုဖြင့်သာကျေနပ်ခဲ့ရသည်။

စီနီအာကိုဗာသည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင်မူ အကြိတ်အနယ် ကစားခဲ့ရပြီး Tie-Break အဆင့်ထိ ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

AZL



# ချန်ပီယံလိဂ်ပြိုင်ပွဲအကောင်းဆုံးသွင်းဂိုးအဖြစ် ပီအက်စ်ဂျီအသင်း တိုက်စစ်မှူးဟောင်း မက်ဆီ၏ သွင်းဂိုးသတ်မှတ်ခံရ

**ဇူးရစ် ဇူလိုင် ၂**

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ တစ်နှစ်တာ အကောင်းဆုံး သွင်းဂိုးအဖြစ် ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး မက်ဆီ၏သွင်းဂိုးသတ်မှတ်ခံခဲ့ရကြောင်း Bleacher Reports Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စုပွဲစဉ်အဖြစ် ကစားခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့် ဘင်ဖီကာအသင်းတို့ ပွဲစဉ်တွင် ဘင်ဖီကာအသင်းတိုက်စစ်ဆင်ချိန်တွင် ခံစစ်ကစားသမား ရာမို့စ်က ဘောလုံးကို ဆယ်ယူခဲ့ပြီး မက်ဆီ၊ အမ်ဘက်ပီနှင့်နေမာတို့ ဘောလုံးအပေးအယူမှတစ်ဆင့် မက်ဆီက ဘင်ဖီကာအသင်းဂိုးပေါက် ညာဘက်ထောင့်သို့ လှလှပပကန်သွင်းယူခဲ့သည့်အတွက် အကောင်းဆုံးသွင်းဂိုးအဖြစ် သတ်မှတ်ခံခဲ့ရခြင်းဖြစ်သည်။

ဥရောပဘောလုံးအဖွဲ့ချုပ်က မက်ဆီ၏ သွင်းဂိုးကို ပြိုင်ပွဲအကောင်းဆုံး သွင်းဂိုးအဖြစ် ကြေညာခဲ့ပြီးနောက် ပရိသတ်များ၏ ဝေဖန်မှုအချို့ရှိခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ်ကစားခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် မန်စီးတီးအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဘာနာဒိုဆေးဗားလ်၏ဖန်တီးပေးမှုမှတစ်ဆင့် ရိုဒရီက ဘောလုံးလက်ခံရရှိခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်း ကစားသမားတစ်ဦးကို ကျော်ဖြတ်ကာ ဂိုးသမား ဆွန်မာ၏ ညာဘက်ထောင့်အပေါ်သို့ကန်သွင်းခဲ့သည့်သွင်းဂိုးကိုသာ အကောင်းဆုံးသွင်းဂိုးအဖြစ် သတ်မှတ်သင့်သည်ဟု ဝေဖန်မှုများပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် ရီးရဲလ်မက်ဒရစ်အသင်းနှင့်မန်စီးတီးအသင်းမှပွဲစဉ်မှ ဗင်နီးစီးယက်စ်၏သွင်းဂိုးနှင့် ဒေါ့မွန်အသင်းနှင့် မန်စီးတီးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်မှ ဟာလန်း၏ သွင်းဂိုးမှာလည်း မက်ဆီ၏သွင်းဂိုးထက် ပိုမိုလှပခဲ့သော်လည်း မက်ဆီကို မျက်နှာလိုက်ပြီးရွေးချယ်ခဲ့သည်ဟု ဝေဖန်မှုများမြင့်တက်ခဲ့ကြောင်း သိရသည်။ STA

# ဂုဏ်ရှိန်မြင့်မား မြန်မာအမျိုးသမီးများ

ဘုန်းမောင်ဝင်း(ဖျာပုံ)

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုထွန်းကားသောနိုင်ငံဖြစ်ပေရာ ယဉ်ကျေးသိမ်မွေ့သော ရွှေနိုင်ငံအဖြစ် ကမ္ဘာကသိရှိကြသည်။ ယဉ်ကျေးမှုဆိုသည်မှာ "သိမ်မွေ့ပြေပြစ်သော တတ်သိလိမ္မာမှု၊ တိုးတက်ထွန်းကားလာသော လူမှုအဆင့်အတန်း၊ အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိလာသော ဓလေ့ထုံးတမ်း" စသည်ဟူ၍ အဘိဓာန်တွင်ဖွင့်ဆိုထားသည်။ ယဉ်ကျေးမှု၏ အနက်အဓိပ္ပာယ်သည် နက်နဲကျယ်ဝန်းလှသည်။ တန်ဖိုးထားမှုများ၊ ယုံကြည်မှုများ၊ ဆင်ယင်ထုံးဖွဲ့မှုများ၊ ထုံးဓလေ့များ၊ အနုပညာရပ်များဟူ၍လည်း ဖွင့်ဆိုနိုင်သည်။

ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်ဆိုသည့်အတိုင်း မြန်မာ့ယဉ်ကျေးမှုများ မကွယ်မပျောက်အောင် ထိန်းသိမ်းရမည်မှာ မြန်မာအမျိုးသားကောင်း၊ အမျိုးသမီးကောင်းများ၏ မွေးရာပါတာဝန်ပင်ဖြစ်သည်။ မြန်မာအမျိုးသားကောင်း၊ အမျိုးသမီးကောင်းဟုဆိုရာ၌ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်တို့ကို ကိုယ်စားပြုခြင်းဖြစ်သည်။ ယဉ်ကျေးမှုထိန်းသိမ်းကြရမည်ဖြစ်သလို စောင့်လေမျိုးနွယ်ဟူသော ဝတ္တရားကိုလည်း စောင့်ထိန်းလိုက်နာကြရမည်ဖြစ်သည်။

စောင့်လေမျိုးနွယ်ဟုဆိုလိုက်သည်နှင့် အဓိကကျသည်မှာ မိန်းမသားများဖြစ်သည်။ အမျိုးအနွယ်ကို မထိန်းသိမ်းပါက မိဘမျိုးရိုးမှဆင်းသက်လာသည့်မျိုးနွယ်သည် ကွယ်ပျောက်သွားပေမည်။ မြန်မာအမျိုးသမီးအများစုမှာ ပင်ကိုသဘာဝအလှတရားကို ပိုင်ဆိုင်ထားသူဖြစ်သည်။ မြန်မာအမျိုးသမီးများ၏ အလှစံချိန်ကို လောကနီတိကျမ်းက အချက်ရှစ်ချက်ဖြင့် စံအဖြစ် သတ်မှတ်ထားရှိသည်။ ထိုသဘာဝအလှရှစ်ပါးတွင် အသားအရေကောင်းခြင်း၊ သမင်မျက်စိကဲ့သို့ကြည်လင်သောမျက်လုံးရှိခြင်း၊ သေးငယ်သောခါး၊ သွယ်လျသောပေါင်တံ၊ ကောင်းသောဆံပင်၊ ညီညာသောသွား၊ တွင်းနက်သောချက်၊ မြင့်မြတ်သော ကိုယ်ကျင့်တရားတို့ပါဝင်သည်။

မြန်မာအမျိုးသမီးများ၏အလှတွင် အများသဘောတူ ထောက်ခံကြသည့်အချက်တစ်ခုမှာ မြန်မာအမျိုးသမီးများ၏ ဆံပင်ဖြစ်သည်။ အမျိုးသမီးတိုင်းက ဆံပင်ကို အမြတ်တနိုး တန်ဖိုးထားကြသည်။ ဆံပင်ကို အမျိုးမျိုး ထုံးနှောင်ရစ်ဖွဲ့လာခဲ့ကြသည်။ ဆံပင်နှင့်မျက်နှာပုံပန်း အချိုးအစားအဆင်ပြေမှုမရှိလျှင် အလှပျက်တတ်သည်။ ဆံပင်ကောင်းခြင်းသည် အလှတစ်ပါးဖြစ်သည်။ မြန်မာအမျိုးသမီးအများစု၏ ထူးခြားချက်မှာ မိသားစုအတွက် ချက်ပြုတ်၊ ဖွပ်လျှော်၊ လှည်းကျင်း၊ ချုပ်လုပ်တာဝန်များ များပြားလင့်ကစား မပျင်းမရိဘဲ မိမိတို့ကိုယ်ကို သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်ပြုပြင်ထားလေ့ရှိကြသည်။ မိမိကိုယ်ကို အလှမပျက်စေဘဲ အိမ်ကိုလည်း သပ်ရပ်အောင်ပြုပြင်ထားကြသည်။ ဧည့်ဝတ်စောင်ဝတ်၊ ရတနာသုံးပါးဝတ်၊ သားသမီး၊ မိဘဝတ္တရားများကို ကျေပွန်အောင်ဆောင်ရွက်နိုင်ကြသည်။

မြန်မာအမျိုးသမီးတို့မှာ ကိုယ်ဟန်အမူအရာ၊ နှုတ်အမူအရာနှင့်ပတ်သက်၍ သိမ်မွေ့မှုကို ဦးစားပေးလေ့ရှိကြသည်။ အော်ကြီးဟစ်ကျယ်ပြောဆိုခြင်း၊ နှုတ်ကြမ်းခြင်းများကို လူကြီးများက ခွင့်မပြုပေ။ ခြေနင်းကြမ်းသည်ကိုပင် မိဘများမကြိုက်သည့်အတွက် ခြေကို ဖွဖွနင်းကာ လျှောက်ကြရသည်။ လူကြီးသူမများအား ဂုဏဝယဝုဍ္ဍိအလိုက် ရိုသေကိုင်းရှိုင်းတတ်အောင် ငယ်စဉ်ကစ၍ ဆုံးမသွန်သင်ပဲ့ပြင်ခြင်းခံကြရသည်။ "ယောကျ်ားပျင်း ကျောခင်း၊ မိန်းမပျင်း ခြေဆင်း"စကားဖြင့်လည်း အမျိုးသမီးလေးများကို ဆုံးမလာခဲ့ကြသည်။ သပ်ရပ်စွာ ဝတ်စားဆင်ယင်နည်း၊ စနစ်တကျ အိမ်ထောင်ထိန်းသိမ်းနည်းတွင် အလွန်စည်းကမ်းလိုက်နာမှသာ မိန်းမကောင်းပီသမည်ဟု ယူဆခဲ့ကြသည်။ အလုပ်နှင့်လက်မပြတ်အောင်လှုပ်ရှားသွားလာနေခဲ့ကြ၍လည်း ရှေးခေတ်အမျိုးသမီးများမှာ အရပ်အမောင်း လွန်စွာမမြင့်မားစေကာမူ ခန္ဓာကိုယ်အချိုးအဆစ်ပြေပြစ်၍ ကြော့ရှင်းကြသည်။

ဆရာမကြီးစောမုံညင်းက "မြန်မာအမျိုးသမီးများ၏ ပင်ကိုသဘာဝ"ဆောင်းပါးတွင် ရှေးကမြန်မာအမျိုးသမီးတို့သည် ထဘီဝတ်ရာ၌လည်း အလွန်စည်းကမ်းကြီးလှကြောင်း၊ တရွဲ့တစောင်း ဦးစိုက်၊ နောက်တက်တစ်ခြမ်းလွတ် ဆင်ယင်ခြင်းမျိုးမရှိခဲ့ကြောင်း၊ ရှေ့နှင့်နောက် ထဘီစချင်း ညီ၊ မညီ လမ်းမထွက်မီကပင် မိခင်က စစ်ဆေးကြည့်ကြောင်း၊ သည်လမ်း သည်ပန်းနှင့်တော်သည်၊ သည်ခရီး သည်ထီးနှင့်တော်သည်ကို လူကြီးမိဘက စီမံလမ်းညွှန်ပြသည့်အတိုင်း လူငယ်များကလည်း လိုက်နာလေ့ရှိကြကြောင်း ရှေးမြန်မာအမျိုးသမီးများသည် လှရေးပရေး

**❖ မြန်မာအမျိုးသမီးတို့မှာ ကိုယ်ဟန်အမူအရာ၊ နှုတ်အမူအရာနှင့် ပတ်သက်၍ သိမ်မွေ့မှုကိုဦးစားပေးလေ့ရှိကြသည်။ အော်ကြီးဟစ်ကျယ်ပြောဆိုခြင်း၊ နှုတ်ကြမ်းခြင်းများကို လူကြီးများက ခွင့်မပြုပေ။ ခြေနင်းကြမ်းသည်ကိုပင် မိဘများမကြိုက်သည့်အတွက် ခြေကို ဖွဖွနင်းကာ လျှောက်ကြရသည်။ လူကြီးသူမများအား ဂုဏဝယဝုဍ္ဍိအလိုက် ရိုသေကိုင်းရှိုင်းတတ်အောင် ငယ်စဉ်ကစ၍ ဆုံးမသွန်သင်ပဲ့ပြင်ခြင်းခံကြရသည်။ ❖**

၌ ဤမျှစည်းကမ်းစနစ်ထား၍ မိမိတို့ကိုယ်ကိုတင့်တယ်စေရန် ဝတ်စားဆင်ယင်လာခဲ့ကြသူများဖြစ်၍ ခေတ်အဆက်ဆက်၌ တင့်တယ်ခဲ့ကြသည်ကို ယနေ့အမျိုးသမီးများက စံနမူနာယူကာ ဂုဏ်ယူဝင့်ကြွားကြရမည်ဖြစ်ပါကြောင်း ရေးသားထားသည်။

ယနေ့အချိန်အခါကာလတွင် နိုင်ငံအချို့ "အမျိုးသမီးများအခွင့်အရေး၊ တန်းတူညီမျှရေး"ဟူသောစကားလုံးများ သုံးနေကြသည်။ ဤအသုံးအနှုန်းမှာ အမျိုးသမီးများအတွက် လွန်စွာကောင်းမွန်သည်။ သို့သော် မြန်မာနိုင်ငံတွင် ရှေးခေတ်အခါကတည်းက ယောကျ်ားနှင့်မိန်းမ တန်းတူရည်တူရှိထားပြီးဖြစ်သည်။ ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးသည် ဘုရားသွားလည်း အတူတူ၊ ကျောင်းသွားလည်း အတူတူ၊ လုပ်ငန်းဆောင်တာ လုပ်ဆောင်ရာတွင်လည်း မောင်တစ်ထမ်း မယ်တစ်ရွက်ရှိခဲ့ကြသည်။ ထိုသို့ရှိခဲ့ကြောင်းကို လွန်ခဲ့သော ၁၉၄၁ ခုနှစ်က ရေးသားသီဆိုခဲ့သော သီချင်းတစ်ပုဒ်က သက်သေပြလျက်ရှိသည်။ သီချင်းခေါင်းစဉ်က "တင့်တင့်တယ်တယ်"ဖြစ်ပြီး ယနေ့တိုင်လည်း သီဆိုသူ များပြားသည့်သီချင်းဖြစ်သည်။

"လောကီဘဝရယ်၊ သဘောညီမျှတယ်၊ ရှင်နဲ့ကျွန်မနဲ့ တိုင်တိုင်ပင်ပင် ချစ်ခင်ဖို့ရယ်၊ ရှေးကံဆက်သွယ်၊ ကျွန်မအတွင်းသဘောကို အကုန်လုံးပဲ ပြောပြပါမယ်၊ မောင့်ရဲ့စိတ်ကူး အထူးပဲသိသူပါကွယ်"

"သနပ်ခါးခြေဆုံးခေါင်းဆုံး မောင့်လုပ်စာကို မဖြုန်းလိုပါတယ်၊ ကိုယ်နဲ့တတ်အားသရွေ့တော့ ကျောထောက်နောက်ခံ ကူညီရန်ပဲတကယ်"

"စီးပွားရှာမယ်၊ ကြီးပွားကာရယ်၊ တူစုံမောင်နဲ့မယ်၊ ကိုယ့်အိုးအိမ်နဲ့ စိန်နဲ့ရွှေနဲ့ ဂုဏ်မငယ်။ ကုသိုလ်ဆုံဖွယ်၊ မြတ်တဲ့စိတ်မှာသဒ္ဓါမခွမ်း၊ လှူမယ် တန်းမယ် မှန်းကာရွယ်၊ ချမ်းသာစွာတကယ်၊ ခင်နဲ့မောင်နဲ့ အကျိုးပေး သန့်ပါတယ်"

"ယခုလိုတူနှစ်သွယ်၊ ဖူးစာရေစက်ရယ်၊ လူမဖက်လို့သာ နတ်ဖက်ပါတယ်။ ဘုရားသွားလည်း အတူတူပဲကွယ်၊ ကျောင်းသွားလည်းအတူတူပဲကွယ်၊ မခွဲနိုင်ပေါင်းမောင်နှင့်မယ်။ ရာသက်တိုင်ပေါင်း အကြောင်းဆက်သွယ်၊ အမြဲတူစုံချစ်မယ် တင့်တင့်တယ်တယ်။

ဝီရိယရှိသောသူမှာ ရွှေငွေစီးပွားများနိုင်ပေ၊ ဓမ္မိယလဒ္ဓ စင်ကြယ်အမှန်ပြောမယ်။ သစ်တစ်ပင်အထက်ကောင်းရင် ငှက်တစ်သောင်းလည်း အောင်းနိုင်တယ်။ ရှေးစကားနဲ့သာပင် ညီမျှဖွယ်။ ဆွေကောင်းရင်တစ်စလယ်၊ မျိုးကြွယ်ရင်တစ်စလောင်း၊ လင်ကောင်းရင် စံကာရယ် တင့်တင့်တယ်တယ်။

"ကပ္ပိဋ္ဌာနဲ့ အနော်ဇာ မဟောသဓာ အမရာပုံနှယ်၊ ဘဝရှေးဟောင်းက အကြောင်းကံစုံတယ်၊ မယ်မဒ္ဒီဝေသန်အလားလို အားကျစေဖွယ်၊ အထူးပဲပြည့်တဲ့ပါရမီတွေရယ်။ ရွှေနဲ့မြ လိုက်လျောညီပေတယ်။ ငွေသော်တာ စန္ဒာမင်းလို ထွန်းလင်းကာသာ နှစ်ဖြာတူမောင်မယ်"

သီချင်းလေးကိုနားဆင်ကြည့်လိုက်သည်နှင့်မြန်မာအမျိုးသား၊ အမျိုးသမီးတို့၏ ကြည်နူးချစ်ခင်ဖွယ်ဓလေ့ကိုတွေ့ရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးများအတွက် အရေးအကြီးဆုံးအရာမှာ စောင့်လေမျိုးနွယ်ဖြစ်သည်။ အမျိုးကိုမစောင့်စည်းခြင်းကြောင့် အမျိုးအနွယ်(မျိုးဆက်) ပြတ်သွားသည်များကို အထူးသင်ခန်းစာယူကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံသားများအတွက် အခွင့်အရေးတွင် အမျိုးသား၊ အမျိုးသမီးဟူ၍ခွဲခြားထားခြင်းမရှိပါ။ ထိုသို့မရှိကြောင်းကို ပိုမိုခိုင်မာစေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ- ၃၄၈ တွင် "နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ"ဟူ၍လည်းကောင်း၊ ပုဒ်မ-၃၅၀ တွင် "အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသော အခွင့်အရေးနှင့်လစာတို့ကိုခံစားခွင့်ရှိသည်"ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

ထို့အတူ ပုဒ်မ- ၃၅၂ တွင် "နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ၊ သတ်မှတ်သောအရည်အချင်းနှင့်ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကိုအကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရ" ဟူ၍ ရှင်းလင်းစွာပြဋ္ဌာန်းထားသည်။

ဤသည်ကိုလေ့လာခြင်းအားဖြင့် မြန်မာနိုင်ငံတွင် ကျားမတန်းတူညီမျှမှုရှိကြောင်း ထင်ရှားစွာတွေ့မြင်နိုင်သည်။ အမျိုးသမီးဖြစ်စေ၊ အမျိုးသားဖြစ်စေ မိမိနိုင်ငံ၊ မိမိလူမျိုးကိုချစ်မြတ်နိုးကြရသည်။ မိမိနိုင်ငံကို မိမိတို့ကာကွယ်စောင့်ရှောက်ကြရမည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အမျိုးသမီးများ၏အခန်းကဏ္ဍကို ထည့်သွင်းခွင့်ပြုထားပြီးဖြစ်ပေရာ မြန်မာနိုင်ငံတွင် အမျိုးသမီးစစ်မှုထမ်းတို့၏ စွမ်းဆောင်မှုများမှာလည်း ဂုဏ်ယူလေးစားဖွယ်ကောင်းလှသည်။ လူမှုပတ်ဝန်းကျင်အခြေအနေအရ မိမိကြိုးစားလျှင် ကြိုးစားသည့်ရလဒ်ကို ခံစားရမည်ဖြစ်သည်။ အမျိုးသမီးတိုင်းအတွက် အထူးလိုအပ်သည်မှာ စောင့်လေမျိုးနွယ်ဖြစ်သည်။ မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးမဆို ဤအချက်ကိုတင်းကျပ်စွာ ထိန်းချုပ်ကြသည်။ မြန်မာအမျိုးသမီးများအတွက်မူ ဥပဒေတစ်ရပ်ကဲ့သို့မဟုတ်ဘဲ မိဘဘိုးဘွားတို့၏အစဉ်အလာအမွေအနှစ်ကို လက်ဆင့်ကမ်းထိန်းသိမ်းခြင်းသာဖြစ်သည်။ သားသမီးတို့၏ ဝတ္တရားပင်ဖြစ်သည်။

"ကျေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှမ္ဘုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်ကျင့်ဖွယ်သားတို့တာ"ဟူသည့် သားသမီးဝတ်ငါးပါးတွင် စောင့်လေမျိုးနွယ်သည် တစ်ပါးပါဝင်သည်။ စောင့်လေမျိုးနွယ်သည် သားသမီးဝတ်ဟု ဆိုသော်လည်း မိသားစုတစ်စုအတွင်း၌သာ ကျင့်သုံးအပ်သည့် ကျင့်ဝတ်မျိုးမဟုတ်ဘဲ လူမျိုးတစ်မျိုးလုံးကျင့်သုံးရမည့် ကျင့်ဝတ်ဖြစ်ကြောင်း ရှေးလူကြီးတို့က လမ်းညွှန်ခဲ့သည်။ လူချင်းနီးရာအလေ့ပါ ဆိုသည့်စကားအတိုင်း အမျိုးမတူသူနှင့် ပေါင်းဖက်မိပါက ၎င်းတို့၏ဓလေ့စရိုက် လွှမ်းမိုးခြင်းခံရကာ အမျိုးဂုဏ်ပျက်စေသည်။ အမျိုးလည်းမတူ အယူဝါဒလည်းမမျှသောသူနှင့် မပေါင်းအပ်ကြောင်းကို မန်လည်ဆရာတော်ကြီးက **"နွယ်လာအရိုး၊ အမျိုးမတူ၊ အယူမမျှ၊ ဝါဒညစ်ညမ်း၊ လူစိမ်းရှမ်းကို ကျွမ်းမဝင်ရာ၊ ကျွမ်းဝင်ပါက၊ ပျက်တတ်လှ၏"** ဟုဆုံးမတော်မူခဲ့သည်။ အမျိုးသမီးများပျက်စီးလျှင် သားစဉ်မြေးဆက် ပျက်စီးခြင်းသို့ရောက်တတ်သည်။

မြန်မာလူမျိုးတို့သည် ဘာသာတရား၏ အဆုံးအမကိုခံယူလျက် ဟိရိသြတ္တပ္ပတရားကြီးမားသော လူမျိုးဖြစ်သည်။ ယခုအခါ ဝိသမလောဘသားတို့သည် မိမိတို့၏ အကျိုးစီးပွားအတွက် ဘယ်သူသေသေ ငတေမာပြီးရောဟူသောသဘောဖြင့် မြန်မာလူမျိုးတို့၏စာရိတ္တ ယိမ်းယိုင်လာအောင် ချိုးဖဲ့ဖျက်ဆီးလျက်ရှိသည်။ မြန်မာအမျိုးသမီးတို့ကို လျှပ်ပေါ်လော်လည်သော ဝတ်စားဆင်ယင်မှုဖြင့် စတိုးဆိုင်များ၊ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များတွင် ကုန်ပစ္စည်းကြော်ငြာရောင်းချစေခြင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သော ကာရာအိုကေပွဲများ၊ နိုက်ကလပ်များ၊ မော်ဒယ်အမည်ခံပြပွဲများ ကျင်းပနေခြင်းမှာ အမျိုးဂုဏ်အတွက် ကြီးမားသောအန္တရာယ်များပင်ဖြစ်သည်။

အထူးသဖြင့် မသိနားမလည်သော အမျိုးသမီးငယ်များကို ပြည်ပတွင်ရောင်းစားခြင်း၊ လူကုန်ကူးမှုပြုခြင်းတို့မှာ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာကို အရုပ်ဆိုး အကျည်းတန်စေသည့်လုပ်ရပ်ဆိုးများဖြစ်သည်။ ထိုလုပ်ရပ်ဆိုးများကို နိုင်ငံတော်အစိုးရသာမက ပြည်သူတစ်ရပ်လုံးက ပူးပေါင်းတိုက်ဖျက်ကြရမည်ဖြစ်သည်။ ယနေ့အချိန်အခါတွင် မြန်မာအမျိုးသမီးများအတွက် ဖြောင့်မတ်မှန်ကန်သော အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များနေပြီဖြစ်သည်။ မိမိတို့တတ်မြောက်ထားသည့်ပညာရပ်များနှင့်လျော်ညီစွာ အလုပ်အကိုင်အခွင့်အလမ်းများကလည်း ခေါ်ယူနေပြီဖြစ်သည်။ ဇူလိုင် ၃ ရက်နေ့တွင်ကျရောက်သော မြန်မာအမျိုးသမီးများနေ့တွင် မြန်မာအမျိုးသမီးအပေါင်း မြန်မာဟူသော ဇာတိပုည ဂုဏ်မာနထား၍ ဂုဏ်ရှိန်မြင့်မားမြန်မာအမျိုးသမီးများဖြစ်အောင် ကြိုးစားကြရန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

# မင်္ဂလာရှိတဲ့အိမ်ကလေး ရုပ်သံဇာတ်လမ်းတွဲကို ဇူလိုင်လအတွင်း မဟာအပလီကေးရှင်းမှ ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် ဇူလိုင် ၂**

မင်္ဂလာရှိတဲ့အိမ်ကလေး ရုပ်သံဇာတ်လမ်းတွဲကို ဇူလိုင်လအတွင်း မဟာအပလီကေးရှင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်သူ သရုပ်ဆောင် ရွှေအင်ကြင်းက ပြောပြ၍ သိရသည်။

မင်္ဂလာရှိတဲ့အိမ်ကလေး ရုပ်သံဇာတ်လမ်းတွဲသည် မဟာအပလီကေးရှင်း၏ မူပိုင်ရုပ်သံဇာတ်လမ်းတွဲဖြစ်ပြီး အဆိုပါရုပ်သံဇာတ်လမ်းတွဲ၏ဝတ္ထုကို စာရေးဆရာ ညမွှေးပန်းက ရေးသားထားခြင်းဖြစ်ကြောင်း၊ ထို့ပြင် ညမွှေးပန်းနှင့် ငွေစင်သွန်းတို့က ဇာတ်ညွှန်းခွဲထားခြင်းဖြစ်ပြီး ဒါရိုက်တာ မောင်သော်တာက ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ မိသားစုတစ်စုအတွင်းက ချစ်ခြင်းမေတ္တာတရားနဲ့ ဆန်းပြားတဲ့ ကံတရားအကြောင်းကိုရိုက်ပြထားတဲ့ မြန်မာဒရာမာ ဇာတ်လမ်းတွဲပါ။ အားပေးကြပါအုံး"ဟု သရုပ်ဆောင် ရွှေအင်ကြင်းက ပြောပြသည်။

မင်္ဂလာရှိတဲ့အိမ်ကလေး ရုပ်သံဇာတ်လမ်းတွဲကို မဟာအပလီကေးရှင်းမှ ဇူလိုင်လအတွင်း ထုတ်လွှင့်သွားမည်ဖြစ်ပြီး ဆက်လက်၍ Channel K ရုပ်သံလိုင်းတွင်လည်း ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ကျော်ရဲအောင်၊ သူရိယ၊ ညိမ်းသော်၊ တေဇလင်းရောင်၊ နော်ဖောအယ်ထား၊ ထွန်းပုလဲရတနာ၊ ရွှေအင်ကြင်း စသည့် အနုပညာရှင်များနှင့် ညွှေသည်သရုပ်ဆောင်အဖြစ် သရုပ်ဆောင် လှမျိုးသဥ္စာနွယ်က အားဖြည့်ပါဝင်ထားကြောင်း သိရသည်။

ASH

# Captain America:Brave New World ရိုက်ကူးရေးလုပ်ငန်းပြီးဆုံး

**နယူးယောက် ဇူလိုင် ၂**

မာဗယ်စတူဒီယို၏ Captain America:Brave New World ဇာတ်ကားရိုက်ကူးရေးလုပ်ငန်း ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁ ရက်တွင် ရေးသားတင်ပြထားသည်။

Captain America:Brave New World ဇာတ်ကားရိုက်ကူးရေးလုပ်ငန်း ပြီးဆုံးမှုကို ကင်မရာမင်း ခရမ်မာမော်ဂျင်သောက အတည်ပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသားအန်တိုနီမက်ကေးက အဓိကဇာတ်ကောင် Captain America အဖြစ် သရုပ်ဆောင်ထားသည်။


ထို့ပြင် အဆိုပါဇာတ်ကား၌ မင်းသားကြီး ဟယ်ရီဆင်ဖို့လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း၊ Captain America:Brave New World အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မယ်ကွမ်စပဲမင်းနှင့် ဒါလန်မက်ဆန်တို့က ရေးသားပေးထားပြီး ဒါရိုက်တာ ဂျူလီးယပ်အိုနေးက တာဝန်ယူရိုက်ကူးပေးထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ၂၀၂၄ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကမ္ဘာတစ်ဝန်း စတင်ရုံတင်ပြသရန် မာဗယ်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

KKO




# အဆိုတော် ပုံရိပ်၏ Someone Is Sick Today ပထမဆုံးတစ်ကိုယ်တော် တေးအယ်လ်ဘမ် ထွက်ရှိ




**ရန်ကုန် ဇူလိုင် ၂**

အဆိုတော် ပုံရိပ်၏ Someone Is Sick Today ပထမဆုံး တစ်ကိုယ်တော် တေးအယ်လ်ဘမ် ဇူလိုင် ၁ ရက်က ထွက်ရှိလာကြောင်း အဆိုတော် ပုံရိပ်က ပြောပြ၍ သိရသည်။

Someone Is Sick Today တေးအယ်လ်ဘမ်တွင် တေးသီချင်း ရှစ်ပုဒ်ပါဝင်ပြီး တေးသီချင်းများကို အဆိုတော် ပုံရိပ်နှင့် မောင်စွမ်းတို့က ရေးသားထားခြင်းဖြစ်ပြီး တေးသီချင်းများကို ရဲရင့်အောင်၊ Double J၊ အောင်ကောင်းမြတ်၊ ထူးမြတ်ဇော်တို့က ကူညီသီဆိုပေးထားကြောင်း သိရသည်။

"တေးအယ်လ်ဘမ် တစ်ချပ်စာအတွက် စီစဉ်နေတာတော့ ကြာပါပြီ။ သေချာလေး လုပ်ချင်တဲ့အတွက် ရဲရင့်အောင်၊ Double J၊ အောင်ကောင်းမြတ်၊ ညီလေး ထူးမြတ်ဇော်တို့နဲ့ တိုင်ပင်စီစဉ်ပြီးတော့ အရည်အသွေးကောင်းကောင်းလေးဖြစ်အောင် သေချာလေး လုပ်ထားပါတယ်။ သီချင်းပုံစံကတော့ အမျိုးမျိုးပါပဲ။ မမြင့်ကို ကြိုက်တဲ့ ပရိသတ်အတွက်လဲ အဲဒီလို သီချင်းမျိုးတွေ များပါတယ်။ အဆွေးသီချင်းတွေ များပါတယ်"ဟု အဆိုတော် ပုံရိပ်က ပြောပြသည်။

အဆိုတော် ပုံရိပ်သည် တေးသီချင်းမြောက်မြားစွာ ရေးသားသီဆိုခဲ့သူ လူငယ်တစ်ဦးလည်းဖြစ်ပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက ထွက်ရှိခဲ့သည့် မမြင့် သီချင်းဖြင့် လူသိများလာသူ တေးရေး၊ တေးဆို တစ်ဦးလည်း ဖြစ်ကြောင်း သိရသည်။

ASH

# Tron:Ares ဇာတ်ကား၌ မင်းသမီး ဂရီတာလီနှင့် ဂျိုဒီတန်နာစမစ် ပါဝင်မည်

**နယူးယောက် ဇူလိုင် ၂**

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Tron: Ares ဇာတ်ကား၌ မင်းသမီး ဂရီတာလီနှင့် ဂျိုဒီတန်နာစမစ်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၁ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး ဂရီတာလီသည် နည်းပညာသစ်တစ်ရပ်လုံခြုံရေးကို ထိန်းသိမ်းရန် ထွက်ပြေးနေရသည့် ဗီဒီယိုဂိမ်း ဖန်တီးသူတစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

သို့ရာတွင် ဂျိုဒီတန်နာစမစ် ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို ဒစ္စနီးကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

ဂရီတာလီနှင့် ဂျိုဒီတန်နာစမစ်တို့သည် Tron: Ares ဇာတ်ကား၌ မင်းသား ဂျရတ်လီတို၊ အီဗန်ပီတာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Tron: Ares ဇာတ်ကားကို ဒါရိုက်တာ ယိုအာချင်းရွှန်းနားက ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျက်ဆီဝီဂူတိုးက ရေးသားပေးထားသည်။

လက်ရှိတွင် Tron: Ares ဇာတ်ကား ရုံတင်ပြရမည့်ရက်ကို ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO





# စတုတ္ထမြောက် သွေးကြောမျှင် ရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၁၄ ရက်မှစတင်၍ တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည်

**ရန်ကုန် ဇူလိုင် ၂**

ဆုံမှတ် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် စတုတ္ထမြောက် သွေးကြောမျှင် ရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၁၄ ရက်မှစတင်က တစ်နိုင်ငံလုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားရိုက်ကူးသူ ဒါရိုက်တာ သားညီက ပြောပြ၍ သိရသည်။

စတုတ္ထမြောက် သွေးကြောမျှင် ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လူနေက ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ သားညီက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ Romance ဆန်ဆန်ပေါ့။ ၂၀၁၉ ခုနှစ်လောက်ကတည်းက ရိုက်ထားတဲ့ဇာတ်ကားပါ။ ဇာတ်လမ်း၊ ဇာတ်အိမ် ကောင်းလို့လဲ အချိန်ပေးပြီး သေချာလုပ်ထားတဲ့ ရုပ်ရှင်ကားတစ်ကားဖြစ်ပါတယ်"ဟု ဒါရိုက်တာ သားညီက ပြောပြသည်။

စတုတ္ထမြောက် သွေးကြောမျှင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နိုင်းနိုင်း၊ ရွှေထူး၊ သက်မွန်မြင့်၊ မေမြင့်မိုရ်၊ နေမျိုးအောင်၊ ပြေဇင်၊ မေသဥ္စာဦး၊ တင်ဇာဝင်းပြည့်၊ ဆုထက်ကုဋေ စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets UMFCCI, associates and cordially holds sector-wise discussions on national economic promotion



Senior General Min Aung Hlaing meets members of UMFCCI and its associates.

**Nay Pyi Taw July 2**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met officials of Union of Myanmar Federation of Chambers of Commerce and Industry and associates at UMFCCI headquarters in Yangon at 9.30 am today and cordially held sector-wise discussions on national economic promotion.

Present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, SAC members Lt-Gen Moe Myint Tun, Deputy Prime Minister Union Minister for Planning and Finance U Win Shein, union ministers Dr Kan Zaw, U Maung Maung Ohn, U Aung Naing Oo, the Yangon Region chief minister, senior military officers from Office of Commander-in-Chief, the Yangon Command commander, officials, the Yangon mayor, UMFCCI President U Aye Win and CEC members, officials of associates.

**Meeting held to cordially discuss national economic promotion, facilitate future tasks**

The Senior General said the meeting is to discuss necessary measures for enhancement of the country's businesses. Basically, UMFCCI is involved in production, trade and services sectors, which are the base in calculating the GDP. The sectors include industrial enterprises and other businesses. Hence, the meeting is to hold talks on requirements and on fulfilling them. The vision of the national task is for national prosperity and food sufficiency. Prosperity means national peace, happiness and tranquility in doing business and pursuing education in all the urban and rural areas of the entire country.



An official presents report.



An official presents report.



An official presents report.



An official presents report.

**Efficiently use all kinds of existing resources for food sufficiency and socioeconomic progress**

As regards food sufficiency, the country is rich in farming-friendly land and water resources and large working age population. Commodity prices are higher than usual because of the imbalanced ration between demand and supply and high production cost. Low production should not be the cause of the rising prices of basic food items due to imbalanced ration between demand and supply in a country with land and water resources favourable for farming.

Due to the weakness in production sector, some regions and states are not as self-sufficient as they should be despite the fact that they have enough land for farming activities. The country put 14.9 million acres under monsoon paddy this year, but multiple cropping can be conducted only on over six million acres. After the monsoon paddy season ends, other crops including pulses, corn, sesame, sunflowers are cultivated, but multiple cropping cannot be conducted on the remaining over seven million acres. Although regions and states that fail to conduct multiple cropping have enough water resources, they are unable to supply water for the said purpose. If they try to obtain irrigation water and use land effectively, they too will surely enjoy food sufficiency. **Success in farming activities will boost production, and based on the output of raw materials, stocks for local consumption and exports will increase, followed by the development of farming sector, industrial sector and services sector.**

Of the above land resources and underground resources of the country, the latter is not renewable. So, a reasonable limit is set for mineral extraction, and minerals should be produced as finished goods, rather than raw materials. The natural formation of underground resources takes many years, but aboveground resources can be renewed by man. For example, forest can be replanted, but it is found that replantation is not actually conducted on the land allowed for regeneration. If replantation was really carried out on the permitted plots in the past, those plots will be now the sources for forest product exports that are supporting to the national economy.

**Efforts for ensuring local oil sufficiency**

MSMEs are involved in industries. MSMEs will be operated to produce goods with raw materials available at home. Agriculture and livestock products which are sure raw materials of the country are being manufactured. Rice mills and oil mills are inclusive of industries. As Myanmar yields beans and pulses and oil crops, oil mills can be operated. If oil can be produced from groundnut, sesame, niger, sunflower, horse gram and oil crops at current production rate, the country will have 126.2 per cent of oil sufficiency. In using oil crops, people consume groundnut and sesame traditionally, export them and produce oil. Traditional consumption and export can reduce a half of production of groundnut and sesame volume, lessening the local oil sufficiency. Hence, if export of oil crops and traditional consumption can be restricted rather than production of oil, it will meet the local oil demand.

In order to solve the domestic oil sufficiency, it is necessary to grow oil crops such as groundnut, sesame and sunflower to meet the target. Research must be done for cultivation of high yield strains. The Senior General stressed the need to use quality strains of crops for high yield, feed necessary volume of fertilizers, make land preparations, supply sufficient water and systematically apply agricultural techniques. Likewise, it is necessary to conduct research on development of agricultural tasks.

*See Page 13*


An official presents report.


An official presents report.


An official presents report.


An official presents report.


An official presents report.

*From Page 12*

Myanmar gas 800,000 acres of oil crop plantation, except oil palm. If farmers grow them to meet the target production, the country will have 249.5 per cent of oil sufficiency. If so, the country can reduce import of oil. By enhancing the domestic production, State economy will have unprecedented progress.

The Senior General noted that **if oil crops groundnut and sesame are used in oil production at home rather than exportation, oil mills can be operated, feedstuffs produced and job generated with local oil sufficiency**. Likewise, it will contribute to transport and services. **As manufacturing from the agricultural sector will remarkably change industrial and service sectors, it is necessary to successfully operate agriculture and livestock farms which are basic businesses for the State**. It is necessary to systematically consider export of agricultural produce. Those who attended the ceremony are the most responsible for enhancement of the State economy. The Senior General expressed his anticipation that reports from all sectors will be solutions for State economic promotion. He urged all to emphasize their discussions on enhancement of State economy and benefits of the nation.

**Discussions on work progress and requirements in relevant sectors**

UMFCCI President U Aye Win reported on current changing of economic sector, saying that UMFCCI met with the Senior General in December 2022 for the first time, and followed the guidance of the Senior General on economic development. He continued discussions on further development of businesses, cooperation with ministries, seeking solutions for requirements of businesspersons to participate in the efforts of the State in ensuring local oil sufficiency, needs to cooperate in eradicating illegal trade which can harm the domestic manufacturing and economic development, and technical assistance and capital from the State including economic policies for development of the State economy.

President of Myanmar Rice federation U Ye Min Aung, U Tun Lwin for Myanmar Pulses and Beans and Sesame Merchants Association, U Aye Chan Aung and U Phyo Ko Ko Naing for Myanmar Corns Industrial Association, U Thein Myint for Myanmar Livestock Breeding Federation, U Aye Tun for Myanmar Industries Association, Daw Khaing Khaing Nwe for CMP industries, U Tun Win for Myanmar Plastic Entrepreneurs Association, U Aung Shwe for Myanmar Foodstuff Exporter Association, U Hsan Lin for Myanmar Oil Dealers Association, U Khin Soe for Myanmar Oil Millers Association, U Shein Win for Myanmar Construction Entrepreneurs Association, U Yan Win for Myanmar Tourism Federation, Daw Thit Thit Htet for Myanmar International Commodity Service Entrepreneurs Association, U Khin Soe for Myanmar Oil Importer and Distributor Association, Daw Khin Saw Oo for Myanmar Banks Entrepreneurs Association, U Win Htay for Mandalay Region Chambers of Commerce and Industry, U Myint Han of Myanmar Gems Entrepreneurs Association and U Khin Maung Tint for Myanmar Steel Association discussed relevant sectors. They discussed difficulties in agriculture, livestock farming, and industrial production and needs of assistance from the State, connection among businesspersons for purchasing feedstuffs at fair prices if agricultural tasks develop, reform process for manufacturing in livestock breeding sector for local sufficiency at first and export of value-added products instead of finished goods exportation, needs to collectively participate in illegal trade eradication, needs of providing capitals, techniques and policies for development of agriculture and livestock sectors, arrangements for seeking good prices for agriculture and livestock products as well as industrial products abroad, and requirements of tourism, international cargo transport service and banking services. The Senior General made necessary discussions.

**Union ministers respond to reports on respective sectors**

Concerning the reports of the chairman and central executive committees of the UMFCCI and brotherhood organizations, Member of the SAC Lt-Gen Moe Myint Tun and union ministers U Win Shein, Dr Kan Zaw and U Aung Naing Oo discussed efforts made for national economic promotion amid difficulties and restrictions and urged entrepreneurs to correctly utilize loans offered by the government for the economic development of the country at low interest rates for various purposes and to repay them in a timely manner so that capital investment of the country circulates properly, contributing to the economic development. They also discussed matters related to respective sectors including the need to follow import policies adopted by the government and apply for permissions to import goods smoothly, efforts of the government to boost exports from the agriculture sector and to stabilize prices, measures taken to attract domestic and foreign investment, the need to cooperate in combat against illegal trade carried out by the governments and measures taken by the government to facilitate flow of commodity and money circulation.

**As government is taking measures for benefits of country, responsible officials are required to cooperate with government**

After hearing the discussions, the Senior General delivered remarks, saying the UMFCCI is a trading organization and trade can be conducted when there are goods to be traded. In doing so, it is necessary to sell goods in large numbers at reasonable profits while taking the interests of the country into consideration. As the country does not produce some goods and has to rely on imports from other country, it is necessary to boost production in the country. During the term of the previous Tatmadaw government, they country was not able to receive international loans, which were available during the terms of the two democratic governments. It can be seen that foreign exchange spending was settled with the loans. It can also be found that the country had to import goods by using foreign exchange earnings from non-trade sectors rather than encouraging domestic production to earn foreign exchange.

Therefore, the government has been encouraging MSMEs to boost production and to substitute imports since it took office. Measures are being taken to export surplus goods to other countries after fulfilling domestic demands. It is necessary for the UMFCCI to take measures to cooperate in national economic promotion efforts of the government. **As the UMFCCI is made up of members who mainly carry out trade and it is an important organization for economic growth of the country, the government held discussions with it by spending sufficient time**. It is necessary for responsible officials to review the discussions and the government is ready to offer assistance as much as possible. As the government is taking measures for the benefits of the country, all responsible officials are required to cooperate with the government. **As administrative officials carry out administrative affairs, people in the agriculture and livestock breeding sector produce raw materials and manufacturers produce goods. Traders and producers are urged to take measures for mutual benefit as they have to rely on each other as the former can conduct trade when there are goods to be traded.**

Further measures will be taken after reviewing the discussions seriously to carry out tasks for mutual benefit. Arrangements will be made to hold discussions between central executive committee members and officials from brotherhood organizations and union ministers and officials from the respective ministries. Then, the Senior General said the needs for economic promotion of the country at the meeting today and thanked the participants for discussions and exchange of views by spending sufficient time. The meeting concluded at 3 pm.

After the meeting, the Senior General and party cordially greeted central executive committee members of the UMFCCI and officials from the brotherhood organizations. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## Airbus ကုမ္ပဏီမှ ပထမဆုံး C-295 ရေကြောင်းစောင့်ကြည့်ရေးလေယာဉ်ကို အိုင်ယာလန်နိုင်ငံလက်ခံရရှိခဲ့



အိုင်ယာလန်နိုင်ငံသည် ၎င်း၏ပထမဆုံး C-295 ရေကြောင်းစောင့်ကြည့်ရေးလေယာဉ်ကို ဥရောပအာကာသယာဉ်ကုမ္ပဏီ Airbus ထံမှ လက်ခံရရှိခဲ့ကြောင်း /www.thedefensepost.com/ ကာကွယ်ရေးသတင်းဌာနက ဇွန် ၂၈ ရက်တွင် ရေးသားဖော်ပြထားသည်။

အိုင်ယာလန်အစိုးရနှင့် Airbus ကုမ္ပဏီတို့မှ ကိုယ်စားလှယ်များ တက်ရောက်၍ လေယာဉ်လွှဲပြောင်းလက်ခံခြင်း အထိမ်းအမှတ်အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ကြသည်။ အဆိုပါလွှဲပြောင်းပေးပို့မှုသည် အိုင်ယာလန်လေတပ်သို့ C-295 နှစ်စင်းရောင်းချပေးရေးအတွက် ၂၀၁၉ ခုနှစ်က ချုပ်ဆိုခဲ့သော သဘောတူစာချုပ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ၁၉၉၄ ခုနှစ်တွင် Dublin ကုမ္ပဏီထံမှ ဝယ်ယူခဲ့သော လက်ရှိ CASA CN235-100 ရေကြောင်းကင်းလှည့်လေယာဉ်နေရာတွင် အစားထိုးအသုံးပြုသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ရေကြောင်းစောင့်ကြည့်ခြင်းနှင့် တပ်ဖွဲ့ဝင်များပို့ဆောင်ခြင်းအပြင် Airbus ကုမ္ပဏီထုတ် လေယာဉ်ကို ဆေးဘက်ဆိုင်ရာ အကူအညီပေး ရွှေ့ပြောင်းရေး၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ စသည်တို့၌လည်း အကူအညီပေးအပ်နိုင်ရန် အသုံးပြုသွားမည်ဖြစ်သည်။

လေယာဉ်၊ ဆက်စပ်လေ့ကျင့်ရေး၊ အပိုပစ္စည်းနှင့် မြေပြင်စက်ကိရိယာများအတွက် ယူရိုသန်း ၂၃၀ (အမေရိကန်ဒေါ်လာ ၂၅၂ သန်း) တန်ဖိုးရှိပြီး အဆိုပါဝယ်ယူမှုသည် ကာကွယ်ရေးတပ်ဖွဲ့အတွက် အကြီးမားဆုံး စက်ပစ္စည်းဝယ်ယူရေးစီမံကိန်းလည်းဖြစ်ကြောင်း အိုင်ယာလန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Micheál Martin က ပြောကြားခဲ့သည်။

ဤသို့ အရေးကြီးသောရင်းနှီးမြှုပ်နှံမှုသည် ကျွန်ုပ်တို့၏ကာကွယ်ရေးတပ်ဖွဲ့များ အနေဖြင့် ၎င်းတို့၏အခန်းကဏ္ဍနှင့်တာဝန်များကို ဖြည့်ဆည်းဆောင်ရွက်ရန် လိုက်လျောညီထွေရှိသော သမားရိုးကျစစ်ဘက်စွမ်းရည်များစွာကို ဆက်လက်ထိန်းသိမ်းထားနိုင်စေရန်အတွက် အစိုးရ၏ကတိကဝတ်ကို ဆက်လက်သက်သေပြနေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

Airbus ကုမ္ပဏီထုတ် C-295 သည် လောင်စာဆီသုံးစွဲမှု သက်သာစေသည့်အတွက် ခရီးအကွာအဝေး ပိုမိုဝေးကွာအောင် ပျံသန်းတာဝန်ထမ်းဆောင်နိုင်သည့်အပြင် ဝန်ပိုတင်ဆောင်နိုင်သည့် မျိုးဆက်သစ်နည်းဗျူဟာမြောက် လေယာဉ်အမျိုးအစားဖြစ်သည်။ ၎င်းသည် ကုန်းမြေသဲကန္တာရမှ ပင်လယ်ရေကြောင်းပတ်ဝန်းကျင် အခြေအနေများတွင် ပျံသန်းတာဝန်ထမ်းဆောင်နိုင်ကာ အလွန်ပူပြင်းသောအပူချိန်မှ အလွန်အေးသောအပူချိန်အတွင်း ရာသီဥတုမရွေး ရည်မှန်းချက်တာဝန်ပေးအပ်နိုင်မည်ဖြစ်သည်။

အဆိုပါလေယာဉ်သည် တစ်နာရီလျှင် ၄၈၁ ကီလိုမီတာ (၂၉၉ မိုင်) နှုန်းဖြင့် ရေမိုင် ၂၃၀၀ ကျော် မောင်းနှင်နိုင်သည်။ အိုင်ယာလန်လေတပ်မှ တပ်မှူး ဗိုလ်မှူးချုပ် Rory O' Connor က ယခုဝယ်ယူမှုသည် ခေတ်မီပြီး စွမ်းဆောင်ရည်မြင့်မားသော လေယာဉ်အုပ်ကို ဆက်လက်ပိုင်ဆိုင်ထားနိုင်ရန် ရင်းနှီးမြှုပ်နှံမှု တစ်ရပ်ပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

C295 လေယာဉ်သည် အဆင့်မြင့်ဆုံးပစ္စည်းကိရိယာများနှင့် အရင်းအမြစ်များကို တပ်ဆင်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်သလို ကျွန်ုပ်တို့၏တိုက်ပွဲဝင်အသင့်ဖြစ်မှု အဆင့်မြှင့်တင်ပေးပြီး လျင်မြန်စွာပြောင်းလဲနေသော လုံခြုံရေးအခင်းအကျင်း၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည်မှာ သေချာပါသည်ဟု အိုင်ယာလန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Micheál Martin က ထည့်သွင်းပြောကြားခဲ့သည်။

**Ireland Receives First C-295 Maritime Surveillance Aircraft From Airbus ကို ဘာသာပြန်ဆိုထားပါသည်။**

## တိကျပဲ့ထိန်းလက်နက်များဖြင့်တိုက်ခိုက်မှုကြောင့် ယူကရိန်းစစ်ဘက်မှ ဗိုလ်ချုပ်နှစ်ဦးကျဆုံးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနထုတ်ပြန်

ယူကရိန်းရှိ ဒွန်းဘတ်စ်ဒေသ Kramatorsk မြို့တွင် ဇွန် ၂၇ ရက်က ရုရှား၏ တိကျပဲ့ထိန်းလက်နက်များဖြင့် တိုက်ခိုက်မှုတစ်ခုအတွင်း ယူကရိန်းစစ်ဘက်မှဗိုလ်ချုပ်နှစ်ဦးကျဆုံးခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ဇွန် ၂၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသည် ယူကရိန်းတို့၏ အမှတ်(၅၆)ယန္တရားတင် ခြေလျင်တပ်မဟာ၏ ယာယီအခြေစိုက်စခန်းကိုပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက အစောပိုင်းတွင် အခိုင်အမာထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါအခြေစိုက်စခန်းတွင် ယူကရိန်းအရာရှိများနှင့် နိုင်ငံခြားအကြံပေး ဒါဇင်များစွာပါဝင်သည့် တွေ့ဆုံစုဝေးပွဲတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တိုက်ခိုက်မှုကြောင့် ယူကရိန်းစစ်ဘက်မှ ဗိုလ်ချုပ်နှစ်ဦး၊ ယူကရိန်းတပ်ဖွဲ့များမှ အရာရှိ ဦးရေ ၅၀ နှင့်နိုင်ငံခြားကြေးစားစစ်ဘက်အကြံပေးဦးရေ ၂၀ သေဆုံးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ နေ့စဉ် သတင်းထုတ်ပြန်ချက်များအရ သိရသည်။

Zaporozhy ဒေသနှင့် Donbass ဒေသတို့ရှိ ရုရှားတို့၏ ခံစစ်စခန်းများကို ယူကရိန်းတပ်များက ဆက်လက်ထိုးစစ်ဆင်တိုက်ခိုက်နေချိန်တွင် ယခုသတင်းထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

ယူကရိန်းနိုင်ငံသည် ရှေ့တန်းစစ်မြေပြင်ရှိ တိုက်ပွဲအသီးအသီးတွင် စစ်မှုထမ်း ၈၀၀ ခန့်ဆုံးရှုံးခဲ့ပြီး ဟောင်ဝစ်ဇာအမြောက်များ၊ သံချပ်ကာယာဉ်များနှင့် တင့်ကားများအပါအဝင် ယူကရိန်း၏အကြီးစားစစ်လက်နက်ပစ္စည်းဒါဇင်ပေါင်းများစွာကိုတိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ယခုသီတင်းပတ်အစောပိုင်းတွင် ရုရှားနိုင်ငံသည် Kramatorsk မြို့ရှိ အရပ်ဘက် စားသောက်ဆိုင်တစ်ဆိုင်ကို တိုက်ခိုက်ခဲ့ရာ အနည်းဆုံးကလေးနှစ်ဦး အပါအဝင် လူ ၁၁ ဦးသေဆုံးပြီး အခြား ဦးရေ ၆၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ယူကရိန်းတို့ဘက်က စွပ်စွဲခဲ့သည်။

ယူကရိန်းထောက်လှမ်းရေးအေဂျင်စီ (SBU)က တိုက်ခိုက်မှုမတိုင်မီ ရုရှားထံ ထောက်လှမ်းရေးသတင်းပေါက်ကြားသည်ဟု သံသယရှိသူ ဒေသခံတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ပြောကြားခဲ့သည်။

တိုက်ခိုက်မှု၏ရည်ရွယ်ချက်မှာ အရပ်သားများကို ပစ်မှတ်ထားခြင်းဖြစ်ကြောင်းလည်း ယူကရိန်းထောက်လှမ်းရေးအေဂျင်စီက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံဘက်မှ ယူကရိန်းတို့၏အဆိုပါစွပ်စွဲချက်များကိုငြင်းဆိုထားပြီး စစ်ဘက်ဆိုင်ရာပစ်မှတ်များကိုသာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု အခိုင်အမာပြောကြားခဲ့ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံသည် အမွမ်းတင်ခံထားရသော တန်ပြန်ထိုးစစ်တွင် ဆုံးရှုံးမှုများစွာ ကြုံတွေ့ခဲ့ရကြောင်း အနောက်မီဒီယာအချို့က ဖော်ပြလာခဲ့ကြပြီး ၎င်း၏ မဟာမိတ်နိုင်ငံအချို့ပင်လျှင် တန်ပြန်ထိုးစစ်အပေါ် ယခုအချိန်ထိ မအောင်မြင်ဟု အကဲဖြတ်ဆန်းစစ်ချက်များလည်း ထွက်ပေါ်လာနေပြီဖြစ်သည်။

ယူကရိန်းသည် မိုင်းကွင်းကိုဖြတ်ကျော်ရန် ကြိုးပမ်းမှုတစ်ကြိမ်တည်းတွင် တင့်ကား ၂၅ စီးနှင့် ခြေလျင်တိုက်ခိုက်ရေးယာဉ်များဆုံးရှုံးခဲ့ရသည်ဟုဆိုကာ ယူကရိန်း၏ ဆုံးရှုံးမှုက ဆိုးရွားလွန်းသည်ဟု ဇွန် ၂၉ ရက်တွင် Forbes သတင်းဌာနက ဖော်ပြခဲ့သည်။

ဆက်လက်၍ ရန်ပုံငွေနှင့်ပံ့ပိုးကူညီမှုများသည် ဆက်လက်ဆောင်ရွက်နေသည့် တန်ပြန်ထိုးစစ်၏ ရလဒ်များအပေါ်တွင် မူတည်သည်ဟု ယူကရိန်း၏အနောက်တိုင်းကျောထောက်နောက်ခံ ပြုပေးနေသည့် နိုင်ငံများက သတိပေးခဲ့ကြောင်း Financial Times က ဇွန် ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဥရောပရှိ NATO၏ ထိပ်တန်းတပ်မှူး ဗိုလ်ချုပ်ကြီး ခရစ္စတိုဖာကာဗလီက ရုရှားနိုင်ငံသည် အားသာချက်များစွာရရှိပိုင်ဆိုင်ထားဆဲဖြစ်ကြောင်း ပြီးခဲ့သည့် သီတင်းပတ်က ထုတ်ဖော်ပြောကြားသွားသည်။

**Ukrainian generals killed in Russian strike – MOD ကို ဘာသာပြန်ဆိုထားပါသည်။**



**မင်းမျိုး**

# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၈၈၈၁ ဧကစိုက်ပျိုးပြီးစီး


ယခင်နှစ်က မိုးနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၈၈၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၁၀၉၈၇၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးနှမ်း ၈၈၈၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ မိုးနှမ်း ၁၀၉၈၇၂ ဧက လျာထားစိုက်ပျိုးခဲ့တာ ဒီနေ့ထိ မိုးနှမ်း ၈၈၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိုးနှမ်းကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မိုးနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ဘုတလင်မြို့နယ်တွင် ၁၀၂ ဧက၊ အရာတော်မြို့နယ်တွင် ၈၅၆၉ ဧက၊ ချောင်းဦးမြို့နယ်တွင် ဧက ၂၁၀ စုစုပေါင်း ၈၈၈၁ ဧကတို့ဖြစ်ကြောင်း၊ မိုးနှမ်းလျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၁၀၇၀၀၊ ဘုတလင်မြို့နယ်တွင် ဧက ၅၀၁၃၀၊ အရာတော်မြို့နယ်တွင် ၄၃၈၄၂ ဧက၊ ချောင်းဦးမြို့နယ်တွင် ဧက ၅၂၀၀ တို့ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးနှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးနှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရန်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရန်၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

GAPစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုပ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သောကြောင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ရေနံချောင်းမြို့နယ် ခြံကန်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရေနံချောင်း ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ ခြံကန်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ခြံကန်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက ကျေးရွာမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ အရင်းနှင့်အတိုးငွေများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။



ရေနံချောင်းမြို့နယ် ခြံကန်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၅၁ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နွဲ့ယဉ်**

# ဘုတ်ပြင်းမြို့နယ် ကံမော်ကြီးကျေးရွာ၌ အုန်းလက်မှုထည်အခြေခံသင်တန်းဆင်း

**ဘုတ်ပြင်း ဇူလိုင် ၂**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့်ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အုန်းလက်မှုထည် အခြေခံသင်တန်းဆင်းပွဲကို ဇူလိုင် ၁ ရက် နံနက် ၁၁ နာရီက ကံမော်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦးက သင်တန်းတွင် သင်ကြားပို့ချခဲ့သည့် ဘာသာရပ်များအပေါ် သိရှိရုံမဟုတ်ဘဲ လက်တွေ့နယ်ပယ်တွင် မိသားစုဝင်ငွေတိုးပွားအောင် လုပ်ကိုင်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းလေးက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ အိုးမကွာအိမ်မကွာ မိသားစုဝင်ငွေတိုးပွားစေရန်နှင့် စွမ်းဆောင်ရည်များမြင့်မားစေရန် ရည်ရွယ်၍ သင်တန်း ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် အလုပ်အကိုင်ဆောင်ရွက်ရန် အရင်းအနှီးလိုအပ်ပါက တင်ပြတောင်းခံနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများကို ဆုများ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ဘုတ်ပြင်းမြို့နယ် ကံမော်ကြီးကျေးရွာမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၃၀ တက်ရောက်ကြပြီး သင်တန်းတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများက အုန်းလက်မှုကုန်ကြမ်းဖြင့် ပန်းအိုး၊ ဝိုင်ခွက်၊ မီးအိမ်၊ ကလစ်အမျိုးမျိုး၊ ဘောပင်ထည့်ခွက်၊ သော့ချိတ်အမျိုးမျိုး၊ အပူခံပြား၊ ဆပ်ပြာထည့်ခွက်၊ အုန်းခြေနင်းပြား၊ ပန်းကန်ပြား၊ ကော်ဖီခွက် စသည့် လက်မှုထည်ပစ္စည်းများ ပြုလုပ်နည်းများကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၁ ရက်ထိ ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦးက ပြောပြ၍ သိရသည်။ **အေးသူ**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂-၇-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၅၀၀/၈၆၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၀၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၀၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၃၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

စာမျက်နှာ ၁၇ မှအဆက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ကဏ္ဍအလိုက် လိုအပ်ချက်များကို တင်ပြဆွေးနွေးစဉ်။

နိုင်ငံ့စီးပွား မြှင့်တင်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေများကို ခေါင်းစဉ်အမျိုးမျိုးဖြင့် ဆောင်ရွက်ပေးလျက်ရှိသဖြင့် လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့ချေးယူထားသည့် ငွေကြေးများကို မှန်မှန်ကန်ကန်အသုံးချရန်နှင့် အချိန်မီပြန်လည်ပေးဆပ်သွားရန်လိုအပ်မှု၊ ထိုကဲ့သို့ ကဏ္ဍအလိုက်ချေးငွေများကို ပြန်လည်ပေးဆပ်မှသာလျှင် နိုင်ငံတော်၏ လည်ပတ်ရင်းနှီးငွေများသည် ပုံမှန်လည်ပတ်နိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်မှု၊ ပြည်ပသွင်းကုန်များနှင့် ပတ်သက်၍ နိုင်ငံတော်က ချမှတ်ပေးထားသည့် မူဝါဒများ၊ ခွင့်ပြုချက်များရယူပြီးမှ တင်သွင်းမည်ဆိုပါက ပိုမိုလွယ်ကူချောမွေ့မည်ဖြစ်သဖြင့် လိုက်နာဆောင်ရွက်သွားရန်လိုအပ်မှု၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ပို့ကုန်တိုးမြှင့်ရေး ဆောင်ရွက်လျက်ရှိပြီး ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဈေးနှုန်းများ တည်ငြိမ်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်လျက်ရှိသဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်မှု၊ ကုန်စည်စီးဆင်းမှုများနှင့် ငွေကြေးလည်ပတ်မှုများ မြန်ဆန်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ပြန်လည်ဆွေးနွေးပြောကြားကြသည်။

**(UMFCCI)သည် ရောင်းဝယ်ရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ကြသူများဖြစ်ကြပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်အဖွဲ့များဖြစ်သောကြောင့် မိမိအနေဖြင့် အချိန်ယူတွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ် . . .**

**အုပ်ချုပ်မှုပိုင်းဆိုင်ရာတာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်သူများက ကုန်ကြမ်းများထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များဆောင်ရွက်ကြခြင်းဖြစ်ပြီး ထုတ်ကုန်များထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်းဝန်ဆောင်မှုများဖြစ်ပေါ်လာမည်ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန်မှီခိုနေရခြင်းကြောင့် အပြန်အလှန်အကျိုးရှိစေရေး ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းပြောကြားလို . . .**

**နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးကို အစိုးရမှဆောင်ရွက်လျက်ရှိသကဲ့သို့ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများကလည်း အတူတကွ ဝိုင်းဝန်းကြိုးပမ်းရန်လို**

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ ပြောကြားရာတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)သည် အဓိက အားဖြင့် ရောင်းဝယ်မှုများဆောင်ရွက်သည့် အဖွဲ့ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ရှိမှသာလျှင် ရောင်းဝယ်မှုများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ရောင်းချရာတွင် အရေအတွက်များများ ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် ထိုက်သင့်သည့် အမြတ်ဖြင့်သာ ရောင်းချရန်လိုအပ်သကဲ့သို့ နိုင်ငံ့အကျိုးအတွက်လည်း ကြည့်၍ ချိန်ဆ ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံသည် ကုန်ပစ္စည်းထုတ်လုပ်မှု မရှိဘဲ ပြည်ပမှတင်သွင်းသည့် ထုတ်ကုန်ပစ္စည်းများကိုသာ အားထားအသုံးပြုနေရသည့်နိုင်ငံဖြစ်သဖြင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ယခင်တပ်မတော်အစိုးရ လက်ထက်တွင် ပြည်ပမှ ချေးငွေများ ရှိခဲ့ခြင်းမရှိကြောင်း၊ ဒီမိုကရေစီအစိုးရ သက်တမ်းကာလ နှစ်ခုတွင် နိုင်ငံတကာမှ ထောက်ပံ့ငွေ၊ ကူညီငွေများနှင့် ချေးငွေများ ရရှိခဲ့ကြောင်း၊ အဆိုပါငွေများဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားပေးဆောင်ရွက်ပြီး နိုင်ငံခြားငွေရရှိအောင် ဆောင်ရွက်ခြင်းထက် Non-Trade လုပ်ငန်းများမှရရှိသည့် နိုင်ငံခြားငွေများကို သုံးစွဲ၍ ပြည်ပမှ သွင်းကုန်များ တင်သွင်းသုံးစွဲခြင်းက ပိုမိုများပြားခဲ့သည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် မိမိတို့တာဝန်ယူရသည့် အချိန်တွင် ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်နိုင်ရေး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်း(MSME)များကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်းလိုအပ်ချက်များကို ပြည့်မီအောင်ထုတ်လုပ်ပြီး ပိုလျှံလာပါက ပြည်ပသို့တင်ပို့နိုင်သည်ထိပါ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ (UMFCCI) အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ဝိုင်းဝန်းဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ **(UMFCCI)သည် ရောင်းဝယ်ရေးလုပ်ငန်းများကို အဓိက ဆောင်ရွက်ကြသူများဖြစ်ကြပြီး နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် အဖွဲ့များဖြစ်သောကြောင့် မိမိအနေဖြင့် အချိန်ယူတွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်**ကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးမှုများကို ပြန်လည် သုံးသပ်၍ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အစိုးရ ပိုင်းအနေဖြင့်လည်း ဆောင်ရွက်၍ရသည် များကို တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်ကောင်းအောင် ဆောင်ရွက်နေခြင်းပင်ဖြစ်ပြီး နိုင်ငံတော်အစိုးရဆောင်ရွက် လျက်ရှိသကဲ့သို့ သက်ဆိုင်ရာတာဝန်ရှိသူ များအားလုံးက ဝိုင်းဝန်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ **အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ဆောင်သူများက ကုန်ကြမ်းများ ထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များ ဆောင်ရွက်ကြခြင်းဖြစ်ပြီး ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်းဝန်ဆောင်မှုများ ဖြစ်ပေါ်လာ မည်ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် မှီခိုနေရခြင်းကြောင့် အပြန်အလှန်အကျိုးရှိစေရေး ဆောင်ရွက် ပေးနိုင်ရေး တိုက်တွန်းပြောကြားလို**ကြောင်း။

ယခုတွေ့ဆုံပွဲတွင် ဆွေးနွေးတင်ပြခဲ့သည့်အချက်များကို အလေးထားမှတ်သားထားရှိပြီး ပြန်လည်သုံးသပ်၍ နှစ်ဦးနှစ်ဘက်အဆင်ပြေနိုင်သည့် လုပ်ဆောင်ချက်များ ဆောင်ရွက်နိုင်သည့် အခြေအနေသို့ ရောက်ရှိနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ (UMFCCI)မှ ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးနိုင်ခဲ့ပြီး အချိန်ပေး၍ ဆွေးနွေးခဲ့မှုများ၊ အမြင်ချင်းဖလှယ်ခဲ့မှုများ အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့ပြီး တွေ့ဆုံပွဲကို ညနေ ၃ နာရီခွဲခန့်တွင် ရုပ်သိမ်းခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)မှ ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

---

**❖ ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များဘောလုံးပြိုင်ပွဲမှ** သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ပင်နယ်တီအဆုံးအဖြတ်ဖြင့် ၄း၃ ဂိုး လေးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲစဉ်သို့ အသီးသီးတက်ရောက်နိုင်ခဲ့ကြသည်။

၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲကို ဇူလိုင် ၃ ရက်တွင် ရပ်နားသွားမည်ဖြစ်ပြီး ဇူလိုင် ၄ ရက် နံနက် ၇ နာရီတွင် တတိယလုပွဲအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ဗိုလ်လုပွဲစဉ်အဖြစ် ညနေ ၃ နာရီတွင် ပညာရေးဝန်ကြီးဌာန(က)အသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏သားသမီးများကို ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ခြင်းအခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၂**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်နေကြသည့် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ၂၀၂၂-၂၀၂၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရှင် သုံးဦး အပါအဝင် ဂုဏ်ထူးဖြင့်အောင်မြင်သူ ၁၆၂ ဦးတို့ကို "ချီးမြှင့်ထိုက်သူကိုချီးမြှင့်ခြင်း" ဆိုသည့် မင်္ဂလာတရားတော်နှင့်အညီ ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုရိုးစကားအတိုင်း နိုင်ငံ့တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ကြမည့်သူများဖြစ်ရာ ပညာထူးချွန်သော လူတော်လူကောင်းများဖြစ်လာစေရေး၊ ဘက်စုံထူးချွန် သူများဖြစ်လာစေရေး အစဉ်ကြိုးပမ်းသွားကြရန်၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆင့်အတန်းမြင့်မားသည့်ပညာရပ်များကို ကြိုးစားသင်ယူပြီး မိမိအကျိုး၊ မိသားစုအကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးနိုင်သည့် ထူးချွန်ထက်မြက်သည့် လူငယ်များဖြစ်လာကြစေရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရရှိသူ ကျောင်းသား၊ ကျောင်းသူ ၁၆၂ ဦးကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး ၂၀၂၃- ၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေကြသည့် ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူ ၁၅၈၇၁ ဦးကို ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ဝန်ကြီးဌာနမှ အားကစားသမားများကို ထပ်ဆင့်ဂုဏ်ပြု ချီးမြှင့်သည့်အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်း ၁၀ ဦးက အားကစားနည်း ခုနစ်မျိုးတွင် ရွှေတံဆိပ် နှစ်ခုနှင့် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု ရယူပေးနိုင်ခဲ့သည့် ဆုရအားကစားသမားများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# China-ASEAN Forum on Emerging Industry သို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှု၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာနက ကြီးမှူး၍ ကွမ်တုံးပြည်နယ် ရှန်းကျန်းမြို့တွင် ဇူလိုင် ၄ ရက်မှ ၅ ရက်ထိ ကျင်းပမည့် China-ASEAN Forum on Emerging Industry သို့ တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီးရုံးနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါဖိုရမ်၌ "ထွန်းသစ်စစက်မှုလုပ်ငန်းများ၌ လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အရေးပါသည့် ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်မှု၊ ပေါင်းစပ်ညှိနှိုင်းမှုနှင့် မျှဝေမှု" (Openness Inclusiveness, Coordination and Sharing for Practical Cooperation in Emerging Industries) ခေါင်းစဉ်ဖြင့် စွမ်းအင်သစ်အသုံးပြု မော်တော်ယာဉ်များ၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် စွမ်းအင်အီလက်ထရောနစ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ပြီး ယင်းဖိုရမ်သို့ တက်ရောက်ခြင်းဖြင့် တရုတ်-အာဆီယံ စက်မှုလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်နိုင်ခြင်း၊ စိတ်ကူးသဘောထားအမြင်ချင်း ဖလှယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

ဖိုရမ်သို့ ကွမ်တုံးပြည်သူ့အစိုးရ သက်ဆိုင်ရာတာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကော်မရှင်များမှ တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအခြေစိုက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စက်မှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင် ကိုယ်စားလှယ်များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စက်မှုကျွမ်းကျင်သူများနှင့် သုတေသနပညာရှင်များ တက်ရောက်ကြမည်ဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် စက်မှုဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် အမှတ်(၂)အကြီးစား စက်မှုလုပ်ငန်း အထွေထွေမန်နေဂျာ တစ်ဦးတို့ အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# EV ဆိုင်ရာ အရည်အသွေးပြည့်မီသော ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ဆောင်ရွက်



**ရန်ကုန် ဇူလိုင် ၂**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့နံနက်ပိုင်းက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)သို့ ရောက်ရှိပြီး လျှပ်စစ်သုံးယာဉ်ဆိုင်ရာ Training of Trainers သင်တန်း အပတ်စဉ်(၃) ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) ကျောင်းအုပ်ကြီးက Electric Vehical နှင့်စပ်လျဉ်း၍ ဖွင့်လှစ်ပြီးသင်တန်းများ၊ ဖွင့်လှစ်ဆဲသင်တန်းနှင့် ဆက်လက်ဖွင့်လှစ်သွားမည့် သင်တန်းများ၊ သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းဆိုင်ရာ အခြေခံအဆောက်အအုံ မွမ်းမံပြင်ဆင်မှုဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စံချိန်စံညွှန်းပြည့်မီသော ပစ္စည်းကိရိယာများဖြည့်တင်းရန်၊ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ မွမ်းမံပြင်ဆင်ရန်၊ EV Charging System နှင့် Charger အမျိုးအစားများ စုံလင်စွာသင်ကြားပေးရန်၊ တင်သွင်းလျက်ရှိသော ပစ္စည်းများနှင့် အံဝင်ခွင်ကျဖြစ်ရန်နှင့် ထိရောက်အောင် သင်ကြားပေးရန်၊ TOT (Training of Trainers)သင်တန်းများနှင့် ဆင့်ပွားသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်၍ EV ဆိုင်ရာ အရည်အသွေးပြည့်မီသော ကျွမ်းကျင်ပညာရှင်များ မွေးထုတ်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သင်တန်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး သင်တန်းပြီးဆုံး၍ သက်ဆိုင်ရာဌာနများသို့ ပြန်လည်ရောက်ရှိသည့်အခါ လေ့လာဆည်းပူးခဲ့သည်များကို လက်ဆင့်ကမ်းမျှဝေ၍ EV သုံးစွဲသည့် ပြည်သူများ၏ လက်ဝယ်အရောက် EV ဆိုင်ရာ အသိပညာ၊ ဗဟုသုတများ ပြန့်ပွားရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် ဆက်လက်လေ့လာဆည်းပူးသွားရန် မှာကြားသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)တွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ စတင်၍ EV သင်တန်းများကို ဖွင့်လှစ်ပေးခဲ့ရာ TOT သင်တန်း အပတ်စဉ်နှစ်ခုမှ သင်တန်းဆင်း ၄၅ ဦး၊ TOT မွမ်းမံသင်တန်း တစ်ခုမှ သင်တန်းဆင်း ၁၅ ဦးနှင့် EV ဆိုင်ရာ ပံ့မှန်ဆင့်ပွားသင်တန်း တစ်ခုမှ သင်တန်းဆင်း ၃၁ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် လယ်ဝေးမြို့နယ် အောင်မြင်ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြန်လည်ပြုပြင်မွမ်းမံပြီးသော ဓမ္မာရုံ၊ ဆွမ်းစားဆောင်၊ သိမ်ကျောင်းဆောင်နှင့် တစ်ပါးကျောင်းဆောင် နှစ်ဆောင် ရေစက်ချမင်္ဂလာအခမ်းအနား တက်ရောက်ကြည်ညို

**နေပြည်တော် ဇူလိုင် ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် အောင်မြင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ နေပြည်တော်တိုင်းစစ်ဌာနချုပ်က ပြန်လည်ပြုပြင်မွမ်းမံပြီးသော ဓမ္မာရုံ၊ ဆွမ်းစားဆောင်၊ သိမ်ကျောင်းဆောင်နှင့်တစ်ပါးကျောင်းဆောင်နှစ်ဆောင် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘုန်းတော်ကြီးကျောင်းတွင် ကျင်းပရာ လယ်ဝေးမြို့နယ် သံဃနာယကအဖွဲ့ဝင် ဝင်တဲကူးကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပသန္နာစာရအမှူးပြုသော ဆရာတော်၊ သံဃာတော်များ တက်ရောက် ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်မိသားစုများ၊ ဒေသခံပြည်သူများတက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် အမှူးပြုသော ဧည့်ပရိသတ်များက လယ်ဝေးမြို့နယ် သံဃနာယက အဖွဲ့ဝင် ဝင်တဲကူးကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တပသန္နာစာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်တို့က ချီးမြှင့်တော်မူအပ်သော အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



လယ်ဝေးမြို့နယ် အောင်မြင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြန်လည်ပြုပြင် မွမ်းမံပြီးသော ဓမ္မာရုံ၊ ဆွမ်းစားဆောင်၊ သိမ်ကျောင်းဆောင်နှင့် တစ်ပါးကျောင်းဆောင် နှစ်ဆောင် ရေစက်ချမင်္ဂလာ အခမ်းအနား ကျင်းပစဉ်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် အမှူးပြုသောဧည့်ပရိသတ်များက လယ်ဝေးမြို့နယ် သံဃနာယက အဖွဲ့ဝင် ဝင်တဲကူးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပသန္နာစာရထံမှ အနုမောဒနာတရားနာကြားပြီး အောင်မြင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြန်လည်ပြုပြင်မွမ်းမံပြီးသော ဓမ္မာရုံ၊ ဆွမ်းစားဆောင်၊ သိမ်ကျောင်းဆောင်နှင့် တစ်ပါး ကျောင်းဆောင်နှစ်ဆောင်တို့ကို လှူဒါန်းမှုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

လယ်ဝေးမြို့နယ်အတွင်းရှိ တံတားဦး ကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာတို့တွင် မေ ၂၁ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းနှင့် ကျန်းမာရေးဌာန အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရာ အောင်မြင်ကုန်း ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဓမ္မာရုံ၊ ဆွမ်းစားဆောင်၊ သိမ်ကျောင်းဆောင်နှင့် တစ်ပါးကျောင်းဆောင် နှစ်ဆောင်တို့ကို ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ကို နေပြည်တော်တိုင်း စစ်ဌာနချုပ်မှတာဝန်ယူ၍ စုစုပေါင်း ငွေကျပ်သိန်း ၁၀၀၀ ကျော် ကုန်ကျခံ တည်ဆောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာအတွက် မန်ကျည်းပင်ပျိုးပင်များနှင့် မျိုးစေ့များကို ကျေးရွာအတွင်းအပြင်များတွင် စိုက်ပျိုးနိုင်ရန်အတွက် ပေးအပ်ခဲ့သည်။ အဆိုပါကျေးရွာနှစ်ရွာတွင် ကျေးရွာပြည်သူများ အနေဖြင့် မိမိတို့နေအိမ်များကိုထောက်ပံ့ပေးအပ်ခဲ့သည့် သစ်များ၊ သွပ်များနှင့် ပြန်လည်တည်ဆောက် နေထိုင်လျက်ရှိကြောင်း သိရသည်။

# မဟာရွှေသိမ်တော်မြတ်စွာဘုရားပရိဝုဏ်အတွင်း အဆင့်မြင့် ယာဉ်ရပ်နားစခန်းတည်ဆောက်နေမှု မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင် သွားရောက်ကြည့်ရှု





**မန္တလေး ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့်တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက ကျောက်ဆည်မြို့နယ်ရှိ မဟာရွှေသိမ်တော်မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားပရိဝုဏ်အတွင်းအဆင့်မြင့် ယာဉ်ရပ်နားစခန်း တည်ဆောက်နေမှု လုပ်ငန်းများကို ကြည့်ရှုကြသည်။

ရှေးဦးစွာ မဟာရွှေသိမ်တော်မြတ်စွာဘုရားအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က ဖူးမြော်ကြည်ညိုပြီး အလှူငွေများလှူဒါန်းကာ အစည်းအဝေးခန်းမတွင် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တည်ဆောက်ရေးလုပ်ငန်းမှ တာဝန်ရှိသူများကို တွေ့ဆုံရာ၌ ဂေါပကဥက္ကဋ္ဌ ဦးကျော်ဆွေက မဟာရွှေသိမ်တော်မြတ်စွာဘုရားပရိဝုဏ် အတွင်းအပြင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ ဘုရားဖူးများဝင်ရောက်မှု အခြေအနေများကိုလည်းကောင်း၊ ရွှေတန်ခိုး တည်ဆောက်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာဦးဇော်မင်းဦးက ဘုရားပရိဝုဏ် အတွင်း အဆင့်မြင့်သန့်စင်ခန်းတည်ဆောက်ပြီးစီးမှု၊ မိုးလုံနေလုံအဆင့်မြင့်ယာဉ်ရပ်နား စခန်း တည်ဆောက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘုရားဖူးများစိတ်ချမ်းမြေ့စွာဖူးမြော်ကြည်ညိုရေးအလေးအနက်ထားဆောင်ရွက်သွားရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဩဝါဒါဆရာတော်ကြီးများထံမှ ဩဝါဒများ ခံယူကာဆောင်ရွက်သွားရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်အတွက် ကြိုတင်တွက်ချက်ထည့်သွင်းဆောင်ရွက်သွားရေး၊ ရေဝပ်မှုများမရှိစေရေး ရေစီးရေလာကောင်းမွန်သည့် ရေမြောင်းစနစ်များ၊ လျှပ်စစ်နှင့်တွဲဖက်၍ အသုံးပြုနိုင်သည့် ပြန်လည်ဖြည့်ဖြိုးမြဲနေရောင်ခြည်စွမ်းအင်ဆိုလာစနစ် ထည့်သွင်းဆောင်ရွက်သွားရေး၊ ဘုရားဘဏ္ဍာငွေများကို အမှန်တကယ်လိုအပ်သည့်နေရာများတွင် စနစ်တကျသုံးစွဲသွားရေး၊ ယာဉ်ရပ်နားစခန်း အဝင်အထွက်လမ်းများ ကောင်းမွန်ရေး၊ တာဝန်ယူမှုတာဝန်ခံမှုအပြည့်ဖြင့် လုပ်ငန်းများအပေါ် စေတနာထားဆောင်ရွက်သွားရေး၊ အရည်အသွေးကောင်းမွန်ရန်နှင့်သတ်မှတ်ကာလအတွင်းပြီးစီးရေး ကြပ်မတ်ဆောင်ရွက်သွားရန်မြောကြားပြီး ရှင်းလင်းတင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တည်ဆောက်ပြီးစီးသည့် အဆင့်မြင့်သန့်စင်ခန်းနှင့် အဆင့်မြင့် မိုးလုံနေလုံယာဉ်ရပ်နားစခန်း စတင် တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



လားရှိုးမြို့ရှိ မြို့မပရိယတ္တိစာသင်တိုက်၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ ကျင်းပပြုလုပ်စဉ်။

# လားရှိုးမြို့ရှိ မြို့မပရိယတ္တိစာသင်တိုက်၌ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲကျင်းပပြုလုပ်

**နေပြည်တော် ဇူလိုင် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ မြို့မပရိယတ္တိစာသင်တိုက်၌ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ပြုလုပ်ရာ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်း ဆရာတော်ဒေါက်တာ ဘဒ္ဒန္တပုညနန္ဒ အမှူးပြုသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များ ကြွရောက်တော်မူပြီး အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဆရာတော်ဒေါက်တာဘဒ္ဒန္တပုညနန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကာ သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး တိုင်းမှူးက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် မြို့မပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကလျာဏထံ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက ဆရာတော်အရှင်သူမြတ်များနှင့်သာသနာ့နွယ်ဝင်သီလရှင်များကို လှူဖွယ်ပစ္စည်းများနှင့်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဆရာတော်ဘဒ္ဒန္တကလျာဏထံမှ တရားတော်များနာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဇွန် ၂၈ ရက်မှ ယနေ့ထိ ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ



**ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲမှ စစ်သည်၊ စစ်သမီးများက ကပြသီဆိုဖျော်ဖြေစဉ်။**

**နေပြည်တော် ဇူလိုင် ၂**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်း ဒဏ်သင့်ဒေသများတွင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိသည့် နယ်မြေခံတပ်မတော်သား များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်း နွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် ဝါခုတ်ချောင်း တပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊ စစ်သမီးများက မြန်မာ့သံစဉ် တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆိုအကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ဗဟုသုတ ဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ် များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြ ဖျော်ဖြေကြရာ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ ထိုသို့ သီဆို ကပြဖျော်ဖြေသော စစ်သည်၊ စစ်သမီး များကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူ တို့က ဆုငွေများ အသီးသီးပေးအပ် ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗုံးခွဲ၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလို သော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်း နိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြု လုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ် နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက် နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်း နိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲလှဲအေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြမြဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့ နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူ လူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ် လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက် များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက် ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေ ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေ များအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာ များမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန် ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန် ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျူဇောင်းကျေးရွာနေ စောမြတ်သန်းနှင့် စောလင်းထူးတို့သည် ၎င်းတို့အသုံးပြုသည့် “Saw Myat Than” Facebook အကောင့်၊ “Saw Lin Htoo” Facebook အကောင့်တို့ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ် လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက် ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ် များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော် ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူ များသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

0w Kv H @



# ရွေးချယ်ခြင်း

လွှမ်းနှင်းဆီခိုင်




(၁)

"မေမေ ကျွန်တော်အလုပ်သွားတော့မယ်။ အလုပ်တွေလဲ တကုပ်ကုပ်လျှောက်လုပ်မနေနဲ့အုံး။ နေကောင်းခါစ သက်သာသလိုနေနော်။ အဝင်း ကျွန်တော်စိတ်ချမယ်နော်"

အလုပ်သွားခါနီး စိတ်မချ၍ အမှာခြွေနေသော အသက် ၃၀ ကျော်နေပြီဖြစ်သည့် သားလူပျိုကြီး၏ ကျောပြင်ကိုကြည့်ပြီး ဒေါ်ခင်သီ ပြုံးမိသွားသည်။ လောကကြီးတွင် သည်အမေနှင့်သည်သား နှစ်ယောက်သာရှိသည်။ ခင်ပွန်းသည်က သားဖြစ်သူဆယ်တန်းနှစ်တွင် တိမ်းပါးကွယ်လွန်ခဲ့ပြီးဖြစ်သည်။ ဌာနဆိုင်ရာ ရုံးတစ်ခုတွင် အထက်တန်းစာရေးဖြစ်သည့် ဒေါ်ခင်သီသည် လင်သား၏ပင်စင်လေးရယ် ခြံဝန်းလေးထဲက အငှားတင်ထားသည့် အိမ်ခန်းလေးကရသည့်ဝင်ငွေနှင့် မတောင့်မတနေခဲ့ရသည်။ ယခု ဒေါ်ခင်သီလည်း ပင်စင်စားဖြစ်ခဲ့ပါပြီ။ သားဖြစ်သူက ဘွဲ့ရ၍ ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်နေပြီဖြစ်သည်။ ဒေါ်ခင်သီတို့ ရပ်ကွက်တစ်ခုလုံး ကန်ထရိုက်တိုက်များဖြစ်ကုန်ပြီဆိုသော်လည်း ဒေါ်ခင်သီက ခြံဝန်းလေးနှင့်သာနေချင်သည်မို့ ကန်ထရိုက်တိုက်ဆောက်ရန်မပေးဘဲနေခဲ့ခြင်းသာဖြစ်သည်။ ပေ ၁၀၀၊ ပေ ၆၀ ဆိုသည့်အကွက်သည် ကာလပေါက်ဈေးအရ အလွန်အဖိုးတန်သည်။ ကန်ထရိုက်တိုက်ဆောက်ချင်၍ လာရောက်ကမ်းလှမ်းနေသူများလည်း အများကြီးရှိသည်။ တစ်ချိန်ချိန်တွင် ကာလံဒေသံအရ ကျိန်းသေတော့ဆောက်ရမည်ထင်သည်။ မိမိတွင် သားအမိနှစ်ဦးတည်းသာရှိနေပြီး သားဖြစ်သူကလူအေးမို့ အသက် ၃၀ ကျော်ပင်ငြား အခုထိ ရည်းစားသနံမရှိ။ အိမ်ယာထူထောင်ဖို့တောင် စိတ်ကူးရှိရဲ့လားဟုတွေးမိပြန်သည်။ အမျိုးမကင်းသူညီမဝမ်းကွဲ အသက် ၅၀ အရွယ် အဝင်းကို အတူနေရန် ခေါ်ထားရသည်။ မိသားစုနည်း၍ အေးအေးလူလူနေရသော်လည်း ကျန်းမာရေးမကောင်းသောအခါမျိုးတွင် စိတ်ကအားငယ်မိပြန်သည်။ သားဖြစ်သူကို အိမ်ထောင်ပြုစေချင်မိသည်။ ပြုဖို့ရာလည်း တိုက်တွန်းထားမိသည်။ ခက်နေသည်က သင့်တော်သော မိန်းကလေးတချို့ကို တွေ့သော်ငြားလည်း ဒေါ်ခင်သီတို့သားအမိကိုယ်တိုင်က အရိုးများသလေး၊ ချေးခါးသလေးဖြစ်နေခဲ့သည်။ ဒေါ်ခင်သီတို့သားအမိက စည်းကမ်းကြီးပြီး အသန့်အပြန့်ကြိုက်သည်။ သားဖြစ်သူ နေလင်းကိုယ်တိုင်လည်း စည်းကမ်းရှိပြီး သန့်ရှင်းမှုကိုကြိုက်သည်။ သည်နေရာတွင် ပြောချင်သည်က အခြားမဟုတ်။ အသန့်အပြန့်ကြိုက်သည်ဆိုသည့်အချက်ကိုပါ။ အသေးအဖွဲလေးကို ဇီဇာကြောင်ပြီး လိုတာထက်ပိုခြင်းမျိုးမဟုတ်ပါ။ အဓိကနှင့်သာမညကို အခွဲခြားလွန်ကြသည်မှာ သားအမိနှစ်ယောက်က တစ်ထပ်တည်းတူညီနေကြခြင်းဖြစ်သည်။

ဒေါ်ခင်သီတို့အိမ်ခြံဝန်းသည် ကျယ်ဝန်းပြီး အရှေ့ဘက်တွင် ၂၅ ပေခန့်အလွတ်ထားပြီး အနောက်ဘက်တွင် အိမ်ဆောက်ထားခြင်းဖြစ်သည်။ ဒေါ်ခင်သီတို့အိမ်လေးသည် ပေ ၂၀ မျက်နှာစာရှိပြီး အရှည်ပေ ၃၀ ရှိသော ပျဉ်ထောင်သွပ်မိုးအိမ်လေးမို့ မိသားစုနည်းပါးသဖြင့် ကျယ်ဝန်းသည်ဟုပင်ဆိုနိုင်သည်။ အိမ်၏ခြေရင်းဘက်တွင် ၂၅ ပေခန့်အလွတ်ထားပြီး ကျန်မြေပေါ်တွင် မိမိတို့အိမ်ဘက်ကို မျက်နှာလှည့်ကာ လျှောက်လမ်းထားပြီး အခန်းသုံးခန်း၊ အိမ်သာ၊ ရေချိုးခန်းပါဝင်သော အခန်းတွဲတစ်ခုကို ဆောက်လုပ်၍ အိမ်ငှားတင်ထားခြင်းဖြစ်သည်။ မိသားစုများများကို အိမ်ငှားမတင်ထားဘဲ နှစ်ခန်းမှာ မိန်းကလေးတစ်ဦးစီငှားနေကြပြီး အစွန်ဆုံးတစ်ခန်းတွင် အဘိုးကြီး၊ အဘွားကြီး လင်မယားနှစ်ယောက်နေကြသည်။ ထို့ကြောင့် အခန်းသုံးခန်းပေါင်းမှ လူလေးဦးသာနေကြသည်။ အဘိုးကြီး၊အဘွားကြီးကလည်း ၎င်းတို့၏ သားအိမ်ကို သွားနေသည်ကများပြီး တစ်ခါတစ်ရံ တစ်လလုံးနီးပါးပင် အခန်းပြန်မအိပ်ကြပေ။ အိမ်ငှားတင်ထားသည့်အတွက် အိမ်ငှားများ၏ အားနည်းချက်၊ အားသာချက်များကို နေရာတကာတော့ ပြောလည်းမနေတော့ပေ။

ခြံအနောက်ဘက်တွင် ချောင်းရိုးတစ်ခုစီးဆင်းနေသည်မို့ ထိုချောင်းရိုးအတွင်းသို့ အိမ်ငှားအဘွားကြီးက အမှိုက်များကို လစ်ရင်လစ်သလို လွှင့်ပစ်တတ်သည်။ ဒေါ်ခင်သီအတွက်တော့ ထိုအချက်က ငြိမ်ခံ၍မရသောအချက်တစ်ခုသာဖြစ်သည်။ မိမိငှားထားသော အိမ်ငှားများ နေချင်သလိုနေနိုင်သော်လည်း စည်းမရှိကမ်းမရှိ အမှိုက်စွန့်ပစ်ခြင်းကို လုံးဝမကြိုက်ပေ။ ဒေါ်ခင်သီနည်းတူ သားဖြစ်သူ နေလင်းကလည်း အမှိုက်များ စည်းမဲ့ကမ်းမဲ့စွန့်ပစ်ခြင်းကို လုံးဝသည်းမခံနိုင်သူဖြစ်သည်။ အဘိုးကြီး၊ အဘွားကြီး လင်မယားရောက်ခါစက နောက်ဖေးအိမ်သာဘေးမှနေ၍ အမှိုက်ထုပ်ကို ချောင်းရိုးအတွင်း ဗွီးခနဲနေအောင်ပစ်လိုက်သည်ကိုမြင်သောအခါ-

"အားတော့နာတယ် ဦးလေးတို့၊ အဒေါ်တို့ရေ။ ကျွန်တော်တို့ခြံမှာနေရင် ဦးလေးတို့အနေနဲ့ ခြံထဲဝန်းထဲ တံမြက်စည်းတစ်ချက်မလှည်းပေးလဲ ရပါတယ်ခင်ဗျ။ ဒါပေမဲ့ အမှိုက်လေးတွေကိုတော့ စည်းကမ်းရှိရှိစွန့်ပစ်စေချင်ပါတယ်"

"အေး ငါ့တူရေ အဒေါ်တို့အခန်းကိုလဲလာကြည့်ပါအုံးကွယ်။ အမှိုက်တစ်စမရှိပါဘူး။ အဒေါ်က ခြေထောက်နာနေလို့ အမှိုက်ကန်ထိလမ်းမလျှောက်နိုင်တာမို့ အိမ်သာဘေးကနေ အမှိုက်ထုပ်ကို ချောင်းထဲပစ်ချလိုက်တာပါ"

"ဩော်. . . ဟုတ်ကဲ့ပါအဒေါ်။ အဒေါ်အမှိုက်ပစ်ချင်ရင် ကျွန်တော်ပစ်ပေးပါ့မယ်။ ကျွန်တော် ရုံးသွားရင်း ဆွဲသွားလို့ရပါတယ်။ ဆွဲသွားပေးပါ့မယ်။ ချောင်းထဲတော့ပစ်မချပါနဲ့နော်"

သားဖြစ်သူကိုကြည့်ပြီး ဒေါ်ခင်သီကျေနပ်မိသည်။ မိမိပြုစုပျိုးထောင်ပေးခဲ့ရကျိုးနပ်သကဲ့သို့ ခံစားရသည်။ ဒေါ်ခင်သီတို့အိမ်တွင် မအားလပ်၍ဖြစ်စေ၊ နေထိုင်မကောင်း၍ဖြစ်စေ သန့်ရှင်းရေးမလုပ်နိုင်လျှင် မလုပ်ဘဲနေလိုက်ကြသည်။ သို့သော်လည်း အိမ်သုံးအမှိုက်များ၊ မီးဖိုချောင်သုံးအမှိုက်များကို စည်းစနစ်တကျစွန့်ပစ်သည်။ အမှိုက်စို၊ အမှိုက်ခြောက်ဆိုပြီး ခွဲခြားစွန့်ပစ်သည်။ အမှိုက်စိုများကို အိမ်နောက်ကွက်လပ်တွင် မြေကျင်းတူး၍စွန့်ပစ်ပြီး အမှိုက်ခြောက်များကိုတော့ လမ်းထိပ်ကအမှိုက်ကန်တွင် ကိုယ်တိုင်သွားရောက်၍ စွန့်ပစ်သည်။ လမ်းအတွင်း၌ "အမှိုက်ပစ်ကြအုံးမလား"ဟုအော်ကြသော အမှိုက်တွန်းလှည်းသမားများကိုပင် စွန့်ပစ်ခိုင်းခြင်းမရှိခဲ့ပေ။ ဒေါ်ခင်သီလည်း မိမိကိုယ်တိုင်က ခေတ်ပညာတတ်တစ်ဦးဖြစ်သည့်အပြင် စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းကို အလေးထားသည်။ လူအများစုသည် မိမိ၏ပတ်ဝန်းကျင်ရှိအမှိုက်များကို စနစ်တကျမစွန့်ပစ်ဘဲ အမှိုက်များကိုနေရာရွှေ့နေကြသည်။ မိမိနေအိမ်ဝန်း၊ မိမိတိုက်ခန်းအတွင်းမှ စွန့်ပစ်အမှိုက်များကို မြောင်းများ၊ ချောင်းများ၊ မြစ်များအတွင်းသို့စွန့်ပစ်ကြသည်။ တိုက်ခန်းတွဲများတွင် နေထိုင်ကြသူများက နောက်ဖေးလမ်းကြားများသို့ ကြုံသလိုစွန့်ပစ်တတ်ကြသည်။ လမ်းထိပ်၌ အမှိုက်ကန်ရှိသော်ငြား အမှိုက်ကန်တွင်မစွန့်ပစ်ဘဲ လမ်းခုလတ်ရှိ ဆေးရိုးပင်ကြီးနား၌လည်း စွန့်ပစ်တတ်ကြသည်။ ထိုဆေးရိုးပင်ကြီးအနီးတစ်ဝိုက်သည် အမှိုက်များဖြင့်ပုံ့ကြပြီး မြင်မကောင်းဖြစ်နေတော့သည်။

စည်းကမ်းမဲ့စွာ အမှိုက်စွန့်ပစ်ခြင်း၏အကျိုးဆက်အနေဖြင့် မြောင်းများပိတ်ဆို့ခြင်း၊ ချောင်းများတွင် အမှိုက်များပြည့်လျှံ၍ ပိတ်ဆို့သွားခြင်း၊ မြစ်ချောင်းများတိမ်ကောလာခြင်းနှင့် ပင်လယ်ရေမျက်နှာပြင်များ၊ သမုဒ္ဒရာများတိုင်အောင် အမှိုက်များမှာ ထုနှင့်ထည်နှင့်မျောပါခြင်းများဖြစ်လာခဲ့သည်။ ဂေဟာစနစ်များ ယိုယွင်းပျက်စီးပြီး သဘာဝငါးမျိုးစိတ်များ၊ တောတွင်းတိရစ္ဆာန်များ၊ ပင်လယ်ဖျံများ၊ ဝေလငါးများထိ အမှိုက်တို့၏ဆိုးကျိုးကို ခံစားနေရပြီဖြစ်သည်။ ထို့ကြောင့် ဒေါ်ခင်သီတို့သားအမိနှစ်ဦးစလုံး အမှိုက်စွန့်ပစ်ခြင်းနှင့်ပတ်သက်လျှင် အလွန်စည်းကမ်းထားပြီး နီးစပ်ရာလူများကိုလည်း စည်းကမ်းရှိစေချင်သည့်ဆန္ဒမျိုးထားခဲ့သည်။ သားဖြစ်သူ အိမ်ထောင်ပြုခဲ့ပါလျှင်တောင် အမှိုက်ကလေးကအစ စွန့်ပစ်မှုနည်းစနစ်ကျသော ချွေးမမျိုးကို လိုလားတောင့်တနေမိသည်။ ဒေါ်ခင်သီ အတွေးလွန်နေစဉ် အခန်းငှားနေထိုင်သူ မိန်းကလေးနှစ်ဦး ရှေ့ဆင့်နောက်ဆင့်ပြန်လာကြသည်။

(၂)

ဒေါ်ခင်သီမျက်စိထဲတွင် အခန်းငှားနေသော မိန်းကလေးနှစ်ဦးကို သဘောကျနေမိသည်။ တစ်ယောက်က ချိုချိုဖြစ်ပြီး နောက်တစ်ယောက်က သက်သက်ဝေဖြစ်သည်။ ချိုချိုက အွန်လိုင်းရှော့လုပ်သူဖြစ်ပြီး နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ အမှာစာပစ္စည်းများကို ကိုယ်တိုင် Delivery လုပ်ပြီး လိုက်ပို့တတ်သည်။ သက်သက်ဝေက ကုမ္ပဏီတစ်ခုတွင် စာရင်းကိုင်အလုပ်လုပ်ပြီး တစ်ခါတစ်ရံ အိမ်မှာပင် စာရင်းများလုပ်ရပြီး ရုံးတက်စရာပင်မလိုဘဲ အိမ်ကနေအလုပ်လုပ်ရသူလည်းဖြစ်သည်။ နှစ်ယောက်စလုံးက ရုပ်ရည်လေးသင့်တင့်ပြီး အသက်အားဖြင့်လည်း သားဖြစ်သူ နေလင်းအောက် သုံးနှစ်၊ လေးနှစ်ခန့်သာငယ်ကြသူများဖြစ်သည်။ နှစ်ယောက်စလုံး နယ်မှဖြစ်ကြပြီး အနေအေးကာ မိကောင်းဖခင်သားသမီးလေးများဖြစ်ကြသည်။ အရှုပ်အရှင်းကင်းကြပြီး သားဖြစ်သူနှင့်လည်း ခင်ခင်မင်မင်ဆက်ဆံရေးရှိကြသည်။ သားဖြစ်သူ၏ အနေအထားနှင့် မေတ္တာရှိကြောင်းထုတ်ပြောလျှင် လက်ခံကြမည့်အရိပ်အယောင်များရှိကြသည်။ မိန်းမကောင်းလေးများမို့ ဒေါ်ခင်သီအဖို့ရာ မည်သူ့ကိုချွေးမတော်ရတော်ရ တော်လိုသည်။ သားဖြစ်သူကို တီးခေါက်ကြည့်တော့ သားဖြစ်သူလည်း ထိုအမျိုးသမီးလေးနှစ်ဦးကို စိတ်ဝင်စားသည်။ မည်သူ့ကိုရွေးချယ်ရကောင်းမသိ။ သားမိနှစ်ယောက် မကြာခဏ တီးတိုးတီးတိုးဖြင့် တိုင်ပင်ကြရသည်။

"ဟဲ့ အဆင်ပြေရင် တစ်ယောက်ယောက်ကိုရွေးလေ။ အမေက ချွေးမလိုချင်လှပြီ။ မြေးချီချင်လှပြီ ငါ့သားရဲ့"

"အမေကလဲဗျာ ကျွန်တော်ရွေးရခက်နေလို့ပါဗျ။ အမေရွေးပေးလေ။ အမေရွေးပေးတဲ့မိန်းကလေးကို ကျွန်တော် ချဉ်းကပ်ကြိုးစားပါ့မယ်"

အစွမ်းအစမရှိသည့်သားက ဒေါ်ခင်သီထံ ခေါင်းတည်လာပြန်သည်။ နောက်ဆုံးတော့ ဒေါ်ခင်သီလိုချင်သောချွေးမကို အမှိုက်စနစ်တကျစွန့်ပစ်ခြင်းဖြင့်သာ စံထား၍ ရွေးချယ်ရန်ဆုံးဖြတ်လိုက်သည်။

(၃)

နေတအားပူပြင်းနေသည့် နေ့လယ် ၁ နာရီတိတိတွင် အမှိုက်ထုပ်နှစ်ထုပ်ကိုယူ၍ အခန်းတွဲမှ မိန်းကလေးနှစ်ဦးကို တစ်ထုပ်စီစွန့်ပစ်ပေးရန် အကူအညီတောင်းရန်ကြံစည်ထားလိုက်သည်။ ထိုစဉ် အပြင်သွားရန်ဟန်ပြင်နေသည့် ချိုချိုကိုတွေ့လိုက်ရသည်။

"သမီးချိုချိုရေ ဒီအမှိုက်ထုပ်လေးလမ်းထိပ်ကို ဆွဲသွားပေးပါလားကွယ်"

ချိုချိုကတစ်ချက်မျှတွေဝေသွားပြီး ပြန်လည်ပြုံးပြကာ အမှိုက်ထုပ်ကိုလာယူသည်။

"ဟုတ်ကဲ့ အန်တီခင် ချိုယူသွားပေးပါ့မယ်"

အမှိုက်ထုပ်လေးကိုယူ၍ ချိုချိုထွက်သွားသည်။ ခဏမျှကြာတော့ အပြင်ကနေ သက်သက်ဝေ ပြန်လာသည်ကိုတွေ့ရာ လှမ်းခေါ်လိုက်ပြီး ကျန်ရှိနေသောအမှိုက်ထုပ်ကို လမ်းထိပ်အမှိုက်ကန်၌ သွားပစ်ပေးရန် အကူအညီတောင်းလိုက်သည်။

"ဩော်. . . ဟုတ်ကဲ့ အန်တီခင်။ ဟုတ်ကဲ့ ပစ်ပေးမယ်နော်"

စာမျက်နှာ ၂၅သို့ ➤

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၇၂၄၃ ဧက စိုက်ပျိုးပြီးစီး




**ခင်ဦး ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်၊ ပရဆေး၊ နှစ်ရှည်ပင်နှင့် အခြားသီးနှံစုံ ၁၇၂၄၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်၊ ပရဆေး၊ နှစ်ရှည်ပင်နှင့် အခြားသီးနှံဧက ၂၆၆၉၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၇၂၄၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ခင်ဦးမြို့နယ်မှာ ဒီနှစ် စားဖိုဆောင်၊ ပရဆေး၊ နှစ်ရှည်ပင်နဲ့ အခြားသီးနှံဧက ၂၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၁၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပါပြီ။ ဆက်လက်လဲ စိုက်ပျိုးနေကြပါတယ်။ စားဖိုဆောင်၊ ပရဆေး၊ နှစ်ရှည်ပင်နဲ့ အခြားသီးနှံတွေ လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးသွားမှာပါ"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပရဆေးပင် ၇၉၈ ဧက၊ နှစ်ရှည်ပင် ၅၇၈၉ ဧက၊ အခြားသီးနှံ ၁၀၆၅၆ ဧက စုစုပေါင်း ၁၇၂၄၃ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် စားဖိုဆောင်သီးနှံဧက ၄၀၊ ပရဆေးပင်ဧက ၇၅၀၊ နှစ်ရှည်ပင် ၅၇၈၉ ဧက၊ အခြားသီးနှံ ၂၀၁၁၉ ဧက စုစုပေါင်း ၂၆၆၉၈ ဧက တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် မိုးသီးနှံစုံ စိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ပေးခြင်း၊ ဆွေးနွေးပွဲများဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်များ လက်တွေ့ပြသဆောင်ရွက်ပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေး၊ ပိုးမွှားရောဂါမကျရောက်အောင် ကာကွယ်နည်းလမ်းများကို ကွင်းဆင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ယခင်နှစ်က မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် စားဖိုဆောင် ၁၂ ဧက၊ ပရဆေးပင် ၇၉၈ ဧက၊ နှစ်ရှည်ပင် ၅၇၈၉ ဧက၊ အခြားသီးနှံ ၁၇၂၈၇ ဧက စုစုပေါင်း ၂၃၈၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။ (၂၀၆)

# အမ်းမြို့နယ် မြန်မာဘုတ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**အမ်း ဇူလိုင် ၂**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြန်မာဘုတ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမ်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်စိုးက အမှာစကားပြောကြားပြီး အမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရည်ရွယ်ချက်နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာတွင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန်၊ လိုအပ်သော ငွေကြေးအရင်းအနှီးရရှိစေရန်စသည့် ရည်ရွယ်ချက်များဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းထံမှ သိရသည်။ **ကိုသန်း**



➤ **စာမျက်နှာ ၂၄ မှအဆက်**

ပစ်ပေးမည်သာပြောသော်လည်း အမှိုက်အိတ်ကို သူ့အခန်းထဲယူသွားပြီး တော်တော်နှင့်ပြန်ထွက်မလာတော့ပေ။ ဒေါ်ခင်သီလည်း သက်သက်ဝေဘယ်အချိန်ပြန်ထွက်လာမလဲကြည့်နေစဉ် သားဖြစ်သူ နေလင်းလည်း အိမ်ပြန်ရောက်လာပါတော့သည်။

"သားရေ ညက အမေပြောပြတဲ့အစီအစဉ်နဲ့ စမ်းသပ်နေတာလေ။ ချိုချိုကတော့ အမှိုက်ထုပ်လေးကိုပစ်ပေးမယ်ဆိုပြီး အပြင်သွားတော့ ယူသွားလေရဲ့။ သက်သက်ဝေကတော့ အထုပ်ယူပြီးအခန်းထဲပြန်ဝင်သွားတာ အခုထိကိုထွက်မလာတော့ဘူး။ ကြည့်ရတာ နောက်ဘေးချောင်းရိုးထဲပစ်လိုက်မယ်နဲ့ တူတယ်သားရေ။ အမေတော့ ချိုချိုလေးကိုပဲရွေးလိုက်ပြီ။ သားဘက်ကနီးစပ်ဖို့သာကြိုးစားပေတော့။ အဆင်ပြေပြီဆိုရင် တင့်တောင်းတင့်တယ်ဖြစ်ဖို့က အမေ့တာဝန်ထား"

ဒေါ်ခင်သီစကားဆုံးတော့ သားနေလင်းက ခေါင်းခါသည်။

"အမေ့ ချိုချိုကို လမ်းမှာတွေ့ခဲ့ပ့ါ။ ဆေးရုံပင်ကြီးနားမှာ အမှိုက်အိတ်ကြီးလွှင့်ပစ်နေတာ။ ကျွန်တော့်ကိုတောင် ပြန်လာပြီလားနှုတ်ဆက်သွားသေးတယ်။ သက်သက်ဝေကလဲ အမှိုက်ထုပ်ကို နောက်ဖေးချောင်းထဲပစ်ချမှာသေချာနေပါပြီ။ ဟူး. . . တကယ်တော့ ကျွန်တော့်စိတ်က သက်သက်ဝေကို အလေးသာချင်နေပြီ။ အခုတော့ဗျာ ကျွန်တော်တို့ စံနှုန်းနဲ့ မကိုက်ညီဘူးဆိုတော့ ကျွန်တော်လဲ လူပျိုကြီးဘဝက မကျွတ်တော့ဘူးပေါ့"

သားဖြစ်သူက အားလျော့စကားကိုဆိုတော့ ဒေါ်ခင်သီမှာ ဘာဆက်ပြောရမှန်းမသိဖြစ်သွားရသည်။ ထိုစဉ်မှာပင်-

"အန်တီခင် အန်တီခင် သမီးဟိုလမ်းထိပ်ကအမှိုက်ကန်ကို အမှိုက်သွားပစ်တော့မလို့ ဘာဝယ်ခိုင်းချင်သေးလဲ။ မနက်က သွေးကျဆေးကုန်နေတယ်ဆိုလား သမီးကြားမိတယ်။ ဝယ်လာပေးရမလားရှင့်"

သက်သက်ဝေစကားကြောင့် ဒေါ်ခင်သီတို့သားအမိနှစ်ယောက်စလုံး ပြိုင်တူပြုံးမိသွားသည်။ အိမ်ပေါက်ဝလေးမှာ အမှိုက်ထုပ်လေးကိုဆွဲပြီး သားနေလင်းရှိနေ၍ ဝင်မလာဘဲ ရှက်ကိုးရှက်ကန်းဖြင့်ရပ်နေသောသက်သက်ဝေကိုတွေ့လိုက်ရပါတော့သည်။ ဒီတစ်ခါတော့ ဒေါ်ခင်သီတစ်ယောက် ချွေးမရဖို့ကျိန်းသေနေပြီမို့ ကျေနပ်စွာဖြင့်။

## ကျေးဇူးကြီးပေ တို့လယ်မြေ

- ဟိုရှေ့က ဆူဆူညံ
  ဘာသံကွဲ့မေး။
- မေးပါနဲ့အေ
  တောပျိုမေ ဖော်တစ်သင်းတို့
  သီချင်းသံလေး။
- ပါးကွက်ကျား ကိုယ်စီကွယ်
  ပါးထက်ဝယ်တူဖွေး။
- ဖွေးပါကောအေ
  ပျိုမေတွေ ဂုဏ်မညှိုးတဲ့
  ရိုးရာကွဲ့လေး။
- ခမောက်အား ဆောင်းကိုယ်စီ
  လှပေသည် ကြည့်ငေး။
- ငေးပါနဲ့အေ
  တောသူတွေ လယ်တောဆင်းတယ်
  စိုက်ခင်းဝင်ရေး။
- ပျိုလေးတို့ လယ်မှာနေ့
  ပျော်ပါရဲ့မေး။
- မေးပါနဲ့အေ
  ပျိုတို့တွေ ပျော်ပေကြောင်း
  ဖော်ပေါင်းနဲ့လေး။
- ပျိုလေးတို့ လယ်ယာမြေ
  ဘာတွေစိုက်မေး။
- မေးပါနဲ့အေ
  နှမ်း နေကြာ ပဲ စပါးနဲ့
  ဘူး သခွားလေး။
- ပျိုလေးတို့ ဘယ်အခါ
  လယ်မှာစိုက် မေး။
- မေးပါနဲ့အေ
  မိုး ဆောင်း နွေ တို့မနား
  ကြိုးစားစိုက်သေး။
- ပျိုလေးတို့ စိုက်ပျိုးလယ်
  ဖြိုးကြွယ်စမေး။
- မေးပါနဲ့အေ
  သီးနှံတွေ ရွှေလိုသီးတဲ့
  မြေကြီးကွဲ့လေး။
- ရွှေသီးတဲ့ ပျိုတို့လယ်
  ခင်တွယ်စမေး။
- မေးပါနဲ့အေ
  သည်လယ်မြေ မက်မဆုံးကွဲ့
  တစ်သက်လုံး သူကသာ
  ဝတ်ဖို့ရှာ စားဖို့ပေးတဲ့
  ကျေးဇူးရှင်လေး။ ။

**မောင်နွေဦး(လယ်ဝေး)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း (MAI) က ရန်ကုန်-စင်ကာပူ-ရန်ကုန်ခရီးစဉ်ကို ထပ်တိုးပျံသန်းပြေးဆွဲပေးသွားမည်




**ရန်ကုန် ဇူလိုင် ၂**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (Myanmar Airways Internation-MAI)က ရန်ကုန်-စင်ကာပူ-ရန်ကုန်ခရီးစဉ်ကို ထပ်တိုးပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အဆိုပါ လေကြောင်းလိုင်း၏ သတင်းများအရ သိရသည်။

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း(MAI)က ပျံသန်းပြေးဆွဲပေးနေသည့် ပြည်ပခရီးစဉ်လေကြောင်းလိုင်းများအနက် ရန်ကုန်-စင်ကာပူ-ရန်ကုန်ခရီးစဉ်ကို ယခုနှစ် ဇူလိုင် ၁၆ ရက်မှစတင်၍ ထပ်တိုးပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ MAI လေကြောင်းလိုင်းသည် ရန်ကုန်-စင်ကာပူ-ရန်ကုန်ခရီးစဉ်ကို အပတ်စဉ် အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့များတွင် ပျံသန်းပြေးဆွဲပေးနေခဲ့ရာ ယခုနှစ် မေ ၂၉ ရက်မှစတင်၍ တနင်္လာနှင့် ဗုဒ္ဓဟူးနေ့များတွင် ထပ်တိုးပျံသန်းပြေးဆွဲပေးခဲ့ကြောင်း၊ ဆက်လက်၍ ဇူလိုင် ၁၆ ရက်မှစ၍ တနင်္ဂနွေနေ့တွင် ထပ်တိုးပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း(MAI)က ရန်ကုန်-စင်ကာပူ-ရန်ကုန်ခရီးစဉ်ကိုပျံသန်းပြေးဆွဲပေးရာတွင် တစ်နေ့လျှင် နှစ်ကြိမ် ပျံသန်းပြေးဆွဲပေးနေခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့မှ နံနက် ၈ နာရီ မိနစ် ၂၀ တွင် ထွက်ခွာကာ စင်ကာပူသို့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ဆိုက်ရောက်မည်ဖြစ်ပြီး စင်ကာပူမှ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ပြန်လည်ထွက်ခွာကာ ရန်ကုန်မြို့သို့ မြန်မာစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၂၀ တွင် ပြန်လည် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့မှ ညနေ ၃ နာရီ ၁၅ မိနစ်တွင် ထွက်ခွာကာ စင်ကာပူသို့ ဒေသစံတော်ချိန် ည ၇ နာရီ ၄၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ပြီး စင်ကာပူမှ ဒေသစံတော်ချိန် ည ၈ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာကာ ရန်ကုန်မြို့သို့ မြန်မာစံတော်ချိန် ည ၁၀ နာရီ ၁၅ မိနစ်တွင် ပြန်လည်ဆိုက်ရောက်မည်ဖြစ်ကြောင်း အဆိုပါ လေကြောင်းလိုင်းမှ သိရသည်။

(၃၃၆)

# ပွင့်ဖြူမြို့နယ် ကျောက်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ပွင့်ဖြူ ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖလံတောကျေးရွာအုပ်စု ကျောက်ကုန်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ကျောက်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်နှင့် တာဝန်ယူဆောင်ရွက်နေသော တော်ဝင်ထွန်းကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ပွင့်ဖြူမြို့နယ် ကျောက်ကုန်းကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း၊ Pipe Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၄၃ သန်းဖြင့် တော်ဝင်ထွန်းကုမ္ပဏီက ယခုနှစ် ဇွန် ၂၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

စင်မာ

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့နောက်ဆုံးထား၍** လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို** ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့တွင်** မိမိတို့လျှောက်လွှာတင်သွင်းရာတိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်ကို** သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်)ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၄၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲဖြင့်** ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆) နှစ်အောက်မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင် (၁၃၀) ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲဖြင့်** ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များသို့** ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်း နိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**



ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ပြည့်စွမ်းထား . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

"မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်"

ရတနာပုံ ခန်းမ









ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊
အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊
မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊ အထိမ်းအမှတ်ညစာစားပွဲများ၊
ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊
အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့်
ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။



**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးရွှေက်လူ (ခ) စိန်ဝင်း (ဘ) ဦးရန်မောက်စီ (၅/တမန(နိုင်)၀၃၂၂၂၆)၊ ချမ်းမြသာစည်မြို့နယ်နေသူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-098236)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၅၁၉၇၅၅၅

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်ခင်သန်း (ခ) ရှတန် (ဘ) ဦးစိန်မောင် (၁၃/လရန (ဧည့်)၀၀၀၀၅၄)၊ ချမ်းမြသာစည်မြို့နယ်နေသူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-205165)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၅၁၉၇၅၅၅

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးလူဝင်ကြူ (ဘ) ဦးလူရင်ကြား (၁၃/ကလတ(နိုင်)၀၃၈၀၀၀)၊ ချမ်းမြသာစည်မြို့နယ်နေသူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-709103)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၃၃၃၃၃၅၅


## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၇-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | တာချီလိတ် | မူဆယ် | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၈၅ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၅ | ၂၀၄၀ | ၂၁၁၅ | ၂၁၁၅ | ၂၁၃၀ | ၂၀၂၅ | ၂၀၃၀ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၀ | ၂၃၀၀ | ၂၈၂၀ |
| 95 Ron | ၂၀၈၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၉၅ | ၂၁၃၀ | ၂၁၅၅ | ၂၁၄၀ | ၂၁၁၅ | ၂၂၁၅ | ၂၂၃၀ | ၂၁၂၅ | ၂၁၄၀ | ၂၁၇၀ | ၂၁၇၀ | ၂၁၇၅ | ၂၄၀၀ | ၂၉၂၀ |
| HSD (500 ppm) | ၁၉၅၀ | ၂၀၀၀ | ၁၉၉၅ | ၁၉၅၅ | ၁၉၉၅ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၀ | ၂၁၀၀ | ၂၀၉၅ | ၁၉၉၀ | ၂၀၀၀ | ၂၀၃၅ | ၂၀၃၅ | ၂၀၃၅ | ၂၂၆၅ | ၂၉၂၀ |
| HSD (50 ppm) | ၂၀၃၀ | ၂၀၈၀ | ၂၀၇၅ | ၂၀၃၅ | ၂၀၇၅ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၁၈၀ | ၂၁၇၅ | ၂၀၇၀ | ၂၀၈၀ | ၂၁၁၅ | ၂၁၁၅ | ၂၁၁၅ | ၂၃၄၅ | ၂၉၈၀ |
| HSD (10 ppm) | ၂၀၃၀ | ၂၀၈၀ | ၂၀၇၅ | ၂၀၃၅ | ၂၀၇၅ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၁၈၀ | ၂၁၇၅ | ၂၀၇၀ | ၂၀၈၀ | ၂၁၁၅ | ၂၁၁၅ | ၂၁၁၅ | ၂၃၄၅ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၁ | ၁၉၅၃ |
| 95 Ron | ၁၉၇၉ | ၂၀၅၂ |
| HSD (500 ppm) | ၁၈၅၁ | ၁၉၁၈ |
| HSD (50 ppm) | ၁၉၂၅ | ၁၉၉၃ |
| HSD (10 ppm) | ၁၉၂၅ | ၁၉၉၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

❖ မိမိတို့နိုင်ငံသမိုင်းတွင် လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲအမျိုးမျိုးတို့ကြောင့် တိုင်းရင်းသားအချင်းချင်း၊ ပြည်သူအချင်းချင်းစိတ်ဝမ်းကွဲပြားကာ ပဋိပက္ခများဖြစ်ပွားနေသည်မှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင် သင်ခန်းစာယူရမည့်အချက်ဖြစ်ပါသည်။ မိမိအယူအဆ၊ သဘောထားဆန္ဒများနှင့် မကိုက်ညီသူများကို ရန်သူကဲ့သို့ သဘောထားပြီး ခွဲခြားဆက်ဆံခြင်း၊ ဖယ်ကြဉ်ခြင်း၊ရန်ပြုတိုက်ခိုက်ခြင်းတို့သည် ဒီမိုကရေစီစနစ်နှင့် ကိုက်ညီမှုမရှိပါ။ ထို့အတူ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲစိတ်ဓာတ်များသည် စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး နိုင်ငံတော်ပြိုကွဲပျက်စီးမည့် အန္တရာယ်ကိုဖြစ်စေသဖြင့် မတူကွဲပြားမှုများကို သဟဇာတဖြစ်အောင် ပေါင်းစည်းနေထိုင်ကြရေး အလေးထားစဉ်းစားကြရန် တိုက်တွန်းမှာကြားလိုပါသည် ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်) ၁၂-၂-၂၀၂၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

# ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစား



**နေပြည်တော် ဇူလိုင် ၂**

၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်ပြီး နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့နံနက် ၇ နာရီခွဲက ပညာရေးဝန်ကြီးဌာန(က) အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ပညာရေးဝန်ကြီးဌာန(က)အသင်းက လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ **စာမျက်နှာ ၁၈ ကော်လံ ၁** ❖

## ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

စာမျက်နှာ - ၂၂

## အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း (MAI)က ရန်ကုန်-စင်ကာပူ-ရန်ကုန်ခရီးစဉ်ကို ထပ်တိုးပျံသန်းပြေးဆွဲပေးသွားမည်

စာမျက်နှာ - ၂၆

## EV ဆိုင်ရာ အရည်အသွေးပြည့်မီသော ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ဆောင်ရွက်

စာမျက်နှာ - ၁၉







Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇

ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်...